
mgyoe.com
SAMPLE BOOK

# သစ်မိစ္ဆာခေါ်သံ

လင်းခန့်

# A MONSTER CALLS

Patrick Ness



mgyoe.com

mgyoe.com SAMPLE BOOK



Patrick Ness
Cover Design: Maung Day

K0333
mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)<br>
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဩဂုတ် လ၊ ၂၀၁၈ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်(၀၀၄၃၅)<br>
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)<br>
အမှတ်(၁၄၇)၊ (၅၁)လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - မောင်ဒေး

တန်ဖိုး - ၂၈၀၀ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# A Monster Calls by Patrick Ness

# သစ်မိစ္ဆာခေါ်သံ

လင်းခန့် (မြန်မာပြန်)



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ဘာသာပြန်သူ၏ အမှာ

ဤ သစ်မိစ္ဆာခေါ်သံကို ရေးသူမှာ အမေရိကန်စာရေးဆရာ ပက်ထရစ်နက်စ် ဖြစ်သော်လည်း ဇာတ်လမ်း၏ မူရင်းစိတ်ကူးပိုင်ရှင်မှာ စာရေးဆရာမ စီရော့ဘန်ဒေါ့ဒ် ဖြစ်သည်။ စီရော့ဘန်သည် ထိုစိတ်ကူးကို ရသော်လည်း ကင်ဆာဝေဒနာကို နောက်ဆုံးအဆင့် ခံစားနေရချိန်ဖြစ်၍ ဆက်လက်မရေးသားနိုင်သောကြောင့် ပက်ထရစ်ကို အကူအညီ တောင်းခဲ့သည်။ ထိုအကြောင်းကို ပက်ထရစ်၏ မှတ်ချက်တွင် မူရင်းအတိုင်း ဖော်ပြထားပါသည်။

စာအုပ်ထွက်ရှိချိန်တွင် စီရော့ဘန်မှာ လူ့လောကမှ ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။ ဤစာအုပ်ကို ၂၀၁၁ ခုနှစ်တွင် ထုတ်ဝေခဲ့၍ ကလေးစာပေဆုပေါင်းများစွာ ရရှိခဲ့ပြီး ၂၀၁၆ တွင် ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့သည်။ ရုပ်ရှင်ဇာတ်ညွှန်းကိုလည်း ပက်ထရစ်နက်စ်ကိုယ်တိုင် ရေးသားခဲ့သည်။ ရုပ်ရှင်တွင် စာအုပ်ထဲမှ ဇာတ်ကောင်တချို့နှင့် အခန်းအချို့ကို ဖြုတ်ကာ ရိုက်ကူးခဲ့သည်။

စာရေးဆရာ ပက်ထရစ်နက်စ်ကို ၁၉၇၁ အောက်တိုဘာ ၁၇ ရက်၌ ဗာဂျီးနီးယားပြည်နယ် ဖော့တ်ဘယ်လ်ဗွာမြို့တွင် မွေးခဲ့သည်။ သူသည် စာရေးဆရာ၊ ဂျာနယ်လစ်၊ ကျောင်းဆရာ၊ ဇာတ်ညွှန်းဆရာ စသည့်နယ်ပယ်များတွင် အောင်မြင်သူတစ်ဦး ဖြစ်သည်။ သူသည် ကာနယ်ဂီဆုကို ၂၀၁၁ တွင် Monsters Of Man ဖြင့်လည်းကောင်း၊ ၂၀၁၂ တွင် ဤ A Monster Calls ဖြင့်လည်းကောင်း နှစ်နှစ်ဆက်တိုက် ရရှိခဲ့သူ ဖြစ်သည်။ ထိုဆုကို နှစ်ကြိမ်ရရှိသူ စုစုပေါင်း ခုနစ်ယောက်သာ ရှိသည်။ ဤစာအုပ်ကို

mgyoe.com

mgyoe.com SAMPLE BOOK

The Independent, Chicago Sun Times, The Wall Street Journal အစရှိသော နေ့စဉ်ထုတ် သတင်းစာကြီးများက တစ်နှစ်တာ အကောင်းဆုံး စာအုပ်စာရင်းတွင် ထည့်သွင်းခဲ့ကြသည်။

အမှန်အတိုင်း ဝန်ခံရလျှင် ဤစာအုပ်ကို ဘာသာပြန်နေစဉ် နောက်ဆုံး အခန်းများတွင် ကျွန်တော်ကိုယ်တိုင် မျက်ရည်ကျခဲ့ရပါသည်။ ခံစားချက်များ ကို စကားလုံးဖြင့် ပုံဖော်ရသည်မှာ ခက်ခဲလွန်းလှသည်။ သစ်မိစ္ဆာခေါ်သံကို ပြန်ဖတ်တိုင်း ကျွန်တော့်ကို မွေးဖွားသန့်စင်ပေးခဲ့သော ရေမြေခြားမှ မိခင်ကြီးကို သတိရတမ်းတမိပါသည်။

လေးစားစွာဖြင့်
လင်းခန့်
ဇန်နဝါရီ ၂၀၁၇

mgyoe.com

mgyoe.com SAMPLE BOOK

## မူရင်း စာရေးသူ၏ မှတ်ချက်

ကျွန်တော် စီရော့ဘန်ဒေါ့ဒ်ကို သိသော်လည်း အရင်က တစ်ခါမျှ မဆုံဖူးချေ။ သူမ၏ ထိပ်တန်းစာအုပ်များကြောင့် လူအများ သိကြသလိုပင် သိတာပဲ ဖြစ်သည်။ ထိုဆွဲအားပြင်းသည့် လူငယ်ဖတ်ဝတ္ထုလေးအုပ်အနက် နှစ်အုပ်ကို သူမ သက်ရှိထင်ရှားရှိနေစဉ်က ထုတ်ဝေခဲ့ပြီး ကျန်နှစ်အုပ်ကိုတော့ ကွယ်လွန်ပြီးမှ ထုတ်ဝေခဲ့တာ ဖြစ်သည်။

ဤစာအုပ်သည် သူမ၏ ငါးအုပ်မြောက်ဖြစ်လာရမည့် စာအုပ် ဖြစ်ပါသည်။ သူမတွင် ဇာတ်ကောင်များ၊ အချို့အချ စကားပြောခန်းများနှင့် နိဒါန်းတစ်ခု ရှိခဲ့သော်လည်း ကံမကောင်းစွာ သူမထံ၌ မရှိခဲ့သည်က အချိန် ဖြစ်သည်။ သူမ၏ စိတ်ကူးကို စာအုပ်တစ်အုပ်ဖြစ်အောင် ရေးသားရန် ကျွန်တော့်အား တောင်းဆိုခဲ့စဉ်က ချီတုံချတုံ ဖြစ်ခဲ့ရသည်။ အကြောင်းမှာ ဤဇာတ်လမ်းကို ကျွန်တော့်အနေဖြင့် သူမ၏ လေသံဟန်ပန်မျိုး တုပ၍ မရေးတတ်သောကြောင့် ဖြစ်သည်။ ဤသို့ ပြုလိုက်လျှင် သူမကိုရော ပရိသတ်ကိုသာမက ဇာတ်လမ်းကိုပါ အကျိုးယုတ်စေပေလိမ့်မည်။ စာရေးကောင်းခြင်းဆိုသည်မှာ သူများရေးဟန်မျိုး လိုက်လံတုပ၍ ရေးသားနိုင်သည်ကို ဆိုလိုခြင်း မဟုတ်ဟု ကျွန်တော် ထင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့သော် စိတ်ကူးကောင်းများ၌ ဖြစ်ပေါ်တတ်သည့်အရာကား အခြား စိတ်ကူးသစ်များကို ထပ်မံပေါက်ဖွားလာစေတတ်ခြင်း ဖြစ်သည်။ ကျွန်တော် မကူညီနိုင်လောက်ဘူးဟု တွေးမိသည့်အချိန်မှာပင် စီရှော့ဘန်၏ စိတ်ကူးများက ကျွန်တော့်ကို တခြားစိတ်ကူးအသစ်များ ပေါ်လာစေသည်။ ထိုအခါ ဇာတ်လမ်းတစ်ခုအဖြစ် ချမရေးရ မနေနိုင်သလို ခံစားရသည်။ ထိုခံစားချက်က စာရေးဆရာတိုင်းမှာ ဖြစ်ပေါ်တတ်သည်မဟုတ်လား။

သူမ၏ ဇာတ်လမ်းကို စာရေးဆရာကောင်းတစ်ယောက်ဆီ ပေးလိုက်ခြင်းသည် အပြေးပြိုင်ပွဲ၌ လက်ဆင့်ကမ်းတုတ်တံကို လက်ကမ်းပေးကာ 'ရော့ ပြေးပေတော့၊ ကိုယ့်ဒုက္ခကိုယ်ရှာပေတော့' ဟု ပြောလိုက်သလိုမျိုး ခံစားရသည်။ ထို့ကြောင့် ကျွန်တော် ဤစာအုပ်ကို ကြိုးစားရေးသည်။ သည် အချိန်တစ်လျှောက်လုံးတွင် စီရှော့ဘန် သဘောကျနိုင်မည့် စာတစ်အုပ် ရေးနိုင်ရေး ဟူသည့် ဦးတည်ချက် တစ်ခုတည်းသာ ထားသည်။ တခြား ဘာမှတ်ကျောက် တင်ခံရသည် ဖြစ်စေ ကိစ္စမရှိပါ။

အခုတော့ ထိုလက်ဆင့်ကမ်းတုတ်တံကို စာဖတ်သူထံ လက်ကမ်း ရမည့် အချိန်ရောက်ပါပြီ။ ဇာတ်လမ်းဆိုသည်မှာ စာရေးဆရာများဆီမှာပဲ အဆုံးသတ်ရမှာ မဟုတ်ပါ။ အပြေးပြိုင်ပွဲသည်လည်း လူမည်မျှ စပြေးသည် ဖြစ်စေ တစ်ယောက်နှင့် တစ်ယောက် လက်ဆင့်ကမ်းလျှင် အဆုံးသတ်မည် မဟုတ်ပါ။ ထို့ကြောင့် စီရှော့ဘန်နှင့် ကျွန်တော်တို့အတူ လက်ဆင့်ကမ်း ပေးသော သည်တုတ်တံကို ယူကာ ဤစာအုပ်ကို ဖတ်ရှုခံစား၍ ကိုယ့်ဒုက္ခသာ ကိုယ်ရှာကြပါတော့ဟုသာ ပြောလိုပါသည်။

ပက်ထရစ်နက်စ်
ဖေဖော်ဝါရီ ၂၀၁၁၊ လန်ဒန်

*နာကျင်စရာကောင်းတဲ့ အမှန်တရားကို*
*သိရမှာထက်စာရင်...*
*နှစ်သိမ့်ဖြေသာစရာ အလိမ်အညာတွေကိုပဲ*
*ယုံကြည်နေချင်တယ်...။*

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)
## သစ်မိစ္ဆာ ခေါ်သံ

မိစ္ဆာကောင်ကြီးသည် ၄င်းတို့ လုပ်လေ့လုပ်ထရှိသည့်အတိုင်း ညသန်းခေါင်ကျော်လာသည်နှင့် ပေါ်လာတော့ရှိသည်။ ၄င်း ရောက်လာပြီဆိုလျှင် ကော်နာ အိပ်ရာမှ နိုးသွားလေ့ရှိသည်။

သူ အိပ်မက်ဆိုးတစ်ခု မက်ခဲ့သည်။ အမှန်အတိုင်း ပြောရလျှင် ထိုအိပ်မက်ကို မက်မက်နေတတ်သည်ဟု ဆိုရမှာ ဖြစ်သည်။ ထိုအိပ်မက်ကို သည်နောက်ပိုင်းမှာ ခဏခဏ မက်လာတတ်သည်။ လေပြင်းများ တိုက်ခတ်လျက်ရှိသော အမှောင်ထုထဲတွင် ကြားရသည့် ကြောက်လန့်တကြား အော်ဟစ်သံတစ်သံ။ သူ ဘယ်လောက်ပဲ ကြိုးစားဆုပ်ကိုင်ထားထား သူ့လက်အတွင်းမှ လျှောကျလွတ်ထွက်သွားသည့် လက်ကလေးများ။ 'သွားပါတော့' ဟူသော စကားနှင့်အတူ အဆုံးသတ်သွားသော ထိုအိပ်မက်။

မှောင်မည်းနေသော သူ့အိပ်ခန်းလေးတွင်းဝယ် ကော်နာ 'သွားပါတော့' ဟု တိုးတိုးညင်သာ ရေရွတ်လိုက်မိသည်။ အိပ်မက်ဆိုးကို တွန်းလှန်ဖို့ ကြိုးစားရင်း လန့်နိုးလာသည့်အချိန်၌ လက်တွေ့လောကထဲအထိတော့ ထိုအိပ်မက်က သူ့အား လိုက်လံနှောင့်ယှက်ခွင့် မပြုနိုင်ပါ။

"သွားစမ်းပါ"

mgyoe.com

mgyoe.com SAMPLE BOOK

အိပ်ရာဘေးက စားပွဲပေါ်မှာ အမေ တင်ပေးထားသော နာရီလေးကို တစ်ချက် လှမ်းကြည့်မိသည်။

၁၂ နာရီ ၇ မိနစ်။ ညသန်းခေါင်အား ခုနစ်မိနစ် စွန်းချေပြီ။ တနင်္ဂနွေညသာဆိုလျှင် နောက်တစ်နေ့ ကျောင်းတက်ရန် အိပ်ရာထဖို့ နောက်ကျတော့မှာ သေချာသည်။

အိပ်မက်ဆိုးအကြောင်းကို သူ ဘယ်သူ့ကိုမျှ ပြောမပြခဲ့ချေ။ အမေ့ကို မပြောတာလည်း သိသာသည်။ တခြားဘယ်သူ့ကိုမျှလည်း မပြောပြမိပါ။ နှစ်ပတ်တစ်ကြိမ် ဖုန်းဆက်တတ်သော အဖေ့ကိုလည်း သူ မပြောပြခဲ့ပါ။ အဘွားကိုတော့ ပြောပြဖြစ်မှာ မဟုတ်တာ သေချာသည်။ ကျောင်းမှာလည်း ဘယ်သူ့ကိုမျှ ပြောမပြမိ။ ပြောပြစရာလည်း သူ့မှာ ဘယ်သူမျှ မရှိပါ။

အိပ်မက်ဆိုးထဲမှာ ဖြစ်သမျှကို ဘယ်သူမျှလည်း သိဖို့ မလိုပါ။

ကော်နာသည် မှုးနောက်ရီဝေစွာဖြင့် မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်ကာ မျက်မှောင်ကြုတ်လိုက်သည်။ တစ်ခုခုတော့ လွဲနေပြီ။ သူ လှဲမနေချင်တော့သဖြင့် အိပ်ရာမှ ထထိုင်လိုက်သည်။ အိပ်မက်ဆိုးတော့ သူ့ဆီမှ ထွက်ခွာသွားချေပြီ။ သို့သော် အဖြေရှာမရသော တစ်စုံတစ်ရာ ရှိနေမှန်း သူ သိနေသည်။

အဲဒါ ဘာလဲ။

အမှောင်ထဲသို့ အာရုံစိုက် နားထောင်ကြည့်သော်လည်း ဘေးခန်းက အိပ်ရာထဲတွင် အမေ၏ လူးလွန့်လှုပ်ရှားလိုက်သံ၊ သို့မဟုတ် ဘာမျှ မရှိသော အောက်ထပ်မှ အခါအားလျော်စွာ ကြားရသည့် နာရီသံ တချက်ချက်ကလွဲ၍ တိတ်ဆိတ်နေသော သူ့အိမ်ထဲတွင် ဘာမျှ မကြားရ။

ဘာသံမျှကို မကြားရချေ။

ထို့နောက် တစ်စုံတစ်ရာရှိနေမှန်း သူ နားလည်လိုက်သည်။ သူ့အား အိပ်ပျော်နေရာမှ နိုးလာစေသော တစ်စုံတစ်ရာ။ တစ်စုံတစ်ယောက်က သူ့နာမည်ကို ခေါ်နေသည်။

"ကော်နာ"

သူ ကြက်သီးများ တဖြန်းဖြန်း ထသွားပြီး အူအသည်းများ တွန့်လိမ်သွားသလို ခံစားလိုက်ရသည်။ ထိုအရာသည် သူ့နောက်ကိုများ လိုက်နေသလား။

mgyoe.com

mgyee.com

ထိုအရာကြောင့်ပင် သူ မက်နေကျ အိပ်မက်ဆိုးက သူ့ဆီမှ ထွက်ခွာသွားရသည်လား။

"မတုံးစမ်းနဲ့ကွာ၊ အကောင်တွေ ဘာတွေအကြောင်း တွေးရအောင် မင်းက ကလေးမှ မဟုတ်တော့တဲ့ဟာ"

ကော်နာ သူ့ဘာသာ ပြောလိုက်မိသည်။ ဟုတ်သည်။ လွန်ခဲ့သောလကပင် သူ့အသက် ဆယ့်သုံးနှစ်ပြည့်သွားခဲ့ပြီးပြီ။ အကောင်ပလောင်ဆိုသည်မှာ ကလေးသူငယ်များအတွက်သာ စိတ်ကူးယဉ်စရာ ဖြစ်သည်။ ငယ်ငယ်ကတော့ အကောင်တွေဘာတွေအကြောင်းကို ကော်နာ စိတ်ကူးယဉ်ခဲ့ဖူးပါသည်။

ထိုအချိန်တွင် ခုနကလို ခံစားမှုမျိုး တစ်ကြိမ် ပြန်ပေါ်လာပြန်သည်။ ကော်နာ တံတွေးတစ်ချက် မျိုချလိုက်မိသည်။ အောက်တိုဘာလ ဖြစ်သည့်တိုင် ရာသီဥတုက ပုံမှန်မဟုတ်ဘဲ ပူနွေးနေသည်။ သူ့အခန်း ပြတင်းပေါက်တံခါးကလည်း ပွင့်လျက်သား။ လေတဖြူးဖြူး တိုက်ခတ်နေသဖြင့် ခန်းဆီးကန့်လန့်ကာများ တစ်ခုနှင့်တစ်ခု ပွတ်တိုက်သံကြောင့် ခုနကလို မြည်သံမျိုး ထွက်နေခြင်း ဖြစ်မည်။



'ကော်နာ'

ဟုတ်ပြီ။ ဤအသံသည် လေတိုက်ခတ်သောကြောင့် ထွက်လာတာ မဟုတ်။ ဤအသံသည် တစ်စုံတစ်ယောက်က ခေါ်နေသော အသံတစ်သံ ဖြစ်မှန်း

mgyee.com

mgyoe.com

သေချာလှသည်။ သို့သော် ဘယ်သူ့အသံလဲဆိုတာတော့ သူ မသိချေ။ ၄င်းသည် အမေ၏ အသံ မဟုတ်တာတော့ သေချာသည်။ မိန်းမတစ်ယောက်အသံလည်း လုံး၀ မဟုတ်။ အဖေကများ သူ့ကို အံ့အားသင့်သွားအောင် အမေရိကားကနေ ရုတ်တရက် ရောက်လာသလား။ ဖုန်းဆက်ဖို့ အရမ်းနောက်ကျသွားလို့ ပြန်ရောက်နေသည်ကို မပြောခဲ့မိသလား။ ထိုသို့ ရှုးရှူးမိုက်မိုက် တွေးမိသဖြင့် သူ့ဘာသာပင် အံ့သြသွားသည်။

'ကော်နာ'

မဟုတ်ပါ။ ထိုအရာသည် အဖေ့အသံလည်း မဟုတ်ချေ။ ထိုအသံတွင် မကောင်းဆိုးရွားဆန်သည့် တစ်စုံတစ်ခုသော အရည်အသွေးများ ရှိနေသည်။ အရိုင်းဆန်သော အသံ၊ သဘာ၀တရားအရ သူ့အလိုလို ထွက်ပေါ်လာသော အသံမျိုး။

ထို့နောက် အခန်းအပြင်ဘက်မှ ကျွန်းသားကြမ်းပြင်ကို ကြီးမားသည့် အရာတစ်ခုခုက တစ်လှမ်းချင်း ဖိနင်းလျှောက်လာသလိုမျိုး သစ်သားများ ကျိုးပဲ့သည့် တဂျွတ်ဂျွတ် မြည်သံကြီးများကို ကြားရသည်။ ဘာတွေဖြစ်နေသလဲ သူ ထွက်မကြည့်ချင်ပါ။ သို့သော် တစ်ချိန်တည်းတွင် သူ၏ စိတ်ထဲက တစ်စိတ်တစ်ပိုင်းက သွားကြည့်ချင်နေမိသည်။

ယခုမူ သူ မျက်လုံးများ ကျယ်နေပြီး အိပ်ချင်စိတ် လုံး၀ မရှိတော့သဖြင့် စောင်များကို ဖယ်ကာ အိပ်ရာထဲမှ ထ၍ ပြတင်းပေါက်နား သွား ရပ်ကြည့်လိုက်သည်။ သူ့အိမ်နောက်ဘက်ရှိ တောင်ကုန်းကလေးပေါ်မှ ဘုရားကျောင်း၏ မျှော်စင်ကလေးကို တစ်၀က်တစ်ပျက် သာနေသော လရောင်မှိန်မှိန်ကလေး အောက်တွင် အတိုင်းသား မြင်နေရသည်။ မှိန်ပျသော လရောင်ထဲ၌ ထိုဘုရားကျောင်းကလေးကို စတီးရောင် တလက်လက် တောက်နေသည့် မီးရထားသံလမ်း နှစ်ကြောင်းက ကွေ့ဝိုက်သွားသည်။ ဘုရားကျောင်းကလေးနှင့် တွဲလျက်ရှိသော သုသာန်မြေပေါ်သို့ လရောင်က ဖြာကျလျက် ရှိသော်လည်း ထိုလရောင်ဖြင့်တော့ မြေပုံပေါ်ရှိ ကမ္ပည်းကျောက်စာတိုင်များမှ စာလုံးများကို ဖတ်ဖို့ ခဲယဉ်းလှပေမည်။

သုသာန်အလယ်တည့်တည့်တွင်တော့ ကြီးမားလှသည့် ထင်းရှူးပင်ကြီးတစ်ပင် ထိုးထွက်နေသည်ကို ကော်နာ မြင်ရသည်။ ထိုသစ်ပင်ကြီးမှာ ရှေးကျလွန်းသည် ဖြစ်ရကား ဘုရားကျောင်းဆောက်လုပ်သည့် ကျောက်တုံး

mgyoe.com

mgyoe.com SAMPLE BOOK

များနှင့်ပင် သက်တမ်း အတူတူလောက်ရှိမည် ထင်ရသည်။ ထင်းရှူးပင်မှန်း သိရသည့် အကြောင်းကတော့ အမေပြောပြခဲ့သောကြောင့် ဖြစ်သည်။ ထိုအချိန်က အမေသည် ထိုအပင်ကြီးကို မီးဖိုချောင်ထဲမှ လှမ်းမျှော်ကြည့်ရင်း ပြောပြခဲ့တာ ဖြစ်သည်။ ထိုအချိန်က အမေသည် အဆိပ်အတောက်ဖြစ်စေမည့် ဘယ်ရီသီးများကို ဘုမသိဘမသိ မစားမိစေရန် သူ့ကို မှာနေတာ ဖြစ်သည်။ ထိုအချိန်က အမေ့မျက်နှာက ရွှတ်နောက်နောက်အသွင်ဖြင့်-

'သား သိလား၊ အဲဒါ ထင်းရှူးပင်ကြီးလေ' ဟု ပြောပြခဲ့သည်။

ထို့နောက် သူ့နာမည်ကို ထပ်ခေါ်တာ ကြားရပြန်သည်။

''ကော်နာ''

သူ့အနားနား ကပ်၍ တိုးတိုးကလေး ခေါ်လိုက်သလိုမျိုး။

''ဘာလဲ''

ကော်နာက နှလုံးတုန်ရင်ခုန်စွာဖြင့် ဘာကြီးပဲ ဖြစ်လာလာဟု သဘောထားကာ စိတ်မရှည်တော့သလိုမျိုး ပြောထည့်လိုက်သည်။

တိမ်တစ်အုပ်က လရှေ့မှ ဖြတ်သန်းသွားသဖြင့် မြင်ကွင်းတစ်ခုလုံး အမှောင်ဖုံးသွားသည်။ တောင်ကုန်းကလေးဆီမှ ဂူးခနဲ ဖြတ်တိုက်လာသော လေညင်းက ကန့်လန့်ကာများအား လှိုင်းထသွားအောင် သူ့အခန်းထဲ အပြေးဝင်လာသည်။ သစ်ကိုင်းများ၏ တဂျွတ်ဂျွတ် မြည်သံ၊ တဖြောင်းဖြောင်း အသံများ ကြားရပြန်သည်။ ထိုအသံမှာ ကမ္ဘာကြီးက သက်ရှိသတ္တဝါ တစ်ကောင်ကဲ့သို့ မာန်ဖီအော်မြည်၍ ဆာလောင်နေသော သူ့ဝမ်းဗိုက်ကြီးအတွက် အစာတောင်းနေသည်နှင့် တူလှသည်။

တိမ်ကင်းစင်သွားသောအခါ လရောင်က ပြန်၍ ဖြာကျလာသည်။ ထင်းရှူးပင်ကြီးသည် သူ့အိမ်နောက်ဘက်ရှိ ခြံဝန်းကလေးထဲ၌ မတ်မတ်ကြီး ရပ်လျက် ရှိနေလေသည်။ မိစ္ဆာကောင်ကြီးကား ၎င်းပင် ဖြစ်တော့သည်။

ကော်နာက ၎င်းကို သေချာကြည့်မိသောအခါ အထက်ရှိ သစ်ကိုင်းများက တစ်ကိုင်းနှင့် တစ်ကိုင်း စုဝေးကာ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများ သဏ္ဍာန် ကြောက်စရာ မျက်နှာသွင်ပြင်ကြီးတစ်ခု ဖြစ်ပေါ်နေသည်။ ထိုမျက်လုံးများက သူ့အား ပြန်၍ စိုက်ကြည့်နေသည်။ သစ်ပင်ကြီး၏ အခြားအကိုင်းများမှာ တစ်ကိုင်းနှင့်တစ်ကိုင်း တွန့်လိမ်ယှက်နွယ်ကာ တဂျွတ်ဂျွတ် မြည်လျက် ပင်စည်ကိုယ်ထည်မှ ခြေတံလက်တံများအဖြစ် ထွက်ပေါ်နေကြ

mgyoe.com

သည်။ ကျန်အပိုင်းများမှာ ကျောရိုးတစ်ခုအဖြစ် ၄င်းတို့ဘာသာ စုဝေးလျက်ရှိကာ သစ်ပင်ကြီး၏ ကိုယ်ထည်ထဲတွင် ကြွက်သားများနှင့် အဆုတ်များရှိနေသလိုမျိုး တလှုပ်လှုပ်ဖြင့် အသက်ရှုနေသည်။ ပါးလျသော အရွက်သွယ်သွယ်လေးများမှာ အရေပြားပေါ်ရှိ အမွေးအမျှင်များလို ထူထဲစိမ်းမြနေကြသည်။

ကော်နာ့အခန်းပြတင်းပေါက်မှကြည့်လျှင်ပင် ရှည်လျားပြီးသားဖြစ်သော မိစ္ဆာကောင်ကြီးမှာ ၄င်း၏ ခန္ဓာကိုယ်ကြီးအား ကြီးမားသည်ထက်ကြီးမားအောင် ဆန့်ထုတ်လျက်ရှိရာ ၄င်း၏ အသွင်မှာ အင်အားကြီးမား၍ အစွမ်းထက်လှသော အသွင်ပေါက်နေလေသည်။ ၄င်းက ကော်နာ့အား တစ်ချိန်လုံးလိုလို စိုက်ကြည့်နေပြီး ပါးစပ်မှ လေများ ဝင်ထွက်နေသည့် ကျယ်လောင်လှသော အသက်ရှုသံကြီးကို ကြားရသည်။ ၄င်းက ကြီးမားသော လက်ကြီးနှစ်ဖက်ကို ကော်နာ့ပြတင်းပေါက် တစ်ဖက်တစ်ချက်၌ တင်ကာ ခေါင်းကို အောက်နှိမ့်ချပြီး မျက်စိနှစ်လုံးဖြင့် ကော်နာ့ကို သေချာစိုက်ကြည့်သည်။ ၄င်း၏ မျက်လုံးကြီးများမှာ ပြတင်းပေါက်နှင့် ပြည့်လုမတတ် ဖြစ်နေသည်။ ကော်နာ့အိမ်ကလေးပင် ၄င်း၏ အလေးချိန်ကြောင့် မြည်သံတချို့ ထွက်ပေါ်လာသည်။ ထို့နောက် မိစ္ဆာကောင်ကြီးက ကော်နာ့အား စကားလှမ်းပြောသည်။

''ကော်နာအိုမယ်လီ''

ပူနွေးသော လေပြင်းတစ်ချက် တိုက်ခတ်လိုက်သလိုမျိုး သစ်ရွက်စေးအနံ့ပါသော အသက်ရှုသံကြီးက ကော်နာ့အခန်းပြတင်းပေါက်မှ ဖြတ်ပြေးသွားသည်။ ၄င်း၏ လေသံကြောင့် ကော်နာ့ဆံပင်မွေးများပင် နောက်သို့ လွင့်စင်သွားသည်။ မိစ္ဆာကောင်ကြီးက လေသံကို နှိမ့်၍ ပြောလိုက်သော်လည်း ကျယ်လောင်ထစ်ချုန်းသွားသဖြင့် ကော်နာ၏ ရင်ခေါင်းထဲအထိ တုန်ခါသွားသလို ခံစားရသည်။

''ငါ မင်းကို ဖမ်းမလို့ လာခဲ့တာ ကော်နာအိုမယ်လီ''

မိစ္ဆာကောင်ကြီးက အိမ်ကလေးကို တွန်း၍ ပြောထည့်လိုက်ရာ ကော်နာ့အခန်းနံရံရှိ ဓာတ်ပုံများ တုန်ခါပြုတ်ကျသွားသည်။ စားပွဲပေါ်ရှိ စာအုပ်များ၊ လျှပ်စစ်ပစ္စည်း အသုံးအဆောင်များနှင့် ကြံ့ရုပ်အဟောင်းကလေးမှာလည်း ကြမ်းပြင်ပေါ် ပြုတ်ကျကာ လူးလိမ့်သွားသည်။

၄င်းသည် တကယ်ပင် မိစ္ဆာအစစ်ကြီးတစ်ကောင် ဖြစ်နေပါလားဟု တွေးလိုက်မိသည်။ တကယ့်လက်ရှိလောကတွင် သစ်မိစ္ဆာကြီး တစ်ကောင်ရောက်နေပါပကောလား။ အိပ်မက်ထဲ၌ မဟုတ်ဘဲ သူ၏ အခန်းပြတင်း

mgyoe.com

mgyoe.com SAMPLE BOOK

ပေါက်ရှိ သည်နေရာတွင် ရောက်နေခြင်း ဖြစ်သည်။ ထိုအရာကြီးက သူ့ကို ဖမ်းဖို့လာခဲ့သည်တဲ့။

သို့သော် ကော်နာ မပြေးမိချေ။ အမှန်ဆိုရလျှင် ကြောက်တောင် မကြောက်မိ။ ဤမိစ္ဆာကောင်ကြီးကို မျက်ဝါးထင်ထင် မြင်လိုက်ရကတည်းက ခံစားရသလောက်ဆိုရလျှင် စိတ်အနှောင့်အယှက်ဖြစ်ရုံသာ ဖြစ်မိသည်။ အကြောင်းမှာ သူထင်ထားသော မိစ္ဆာကောင်က သည်လိုပုံစံ မဟုတ်ပေ။ သူက-

"အဲဒါဆိုလည်း ကျွန်တော့်ကို ဖမ်းသာ ခေါ်သွားတော့ဗျာ" ဟု ပြောလိုက်သည်။

⁂ ⁂ ⁂

အရာအားလုံး ထူးဆန်းစွာပင် ငြိမ်ကျသွားသည်။

"မင်း ဘာပြောလိုက်တယ်"

မိစ္ဆာကောင်ကြီးက မေးလိုက်သည်။ ကော်နာက လက်ကိုပိုက်ကာ-

"ကျွန်တော့်ကို ဖမ်းသာ ခေါ်သွားတော့လို့ ပြောတာလေ" ဟု ပြန်ပြောလိုက်သည်။

မိစ္ဆာကောင်ကြီးက တဒင်္ဂမျှ တုံ့ခနဲ ရပ်သွားပြီးနောက် ဟိန်းဟောက် အော်မြည်ကာ အိမ်ကလေးပေါ်သို့ လက်သီးဆုပ်နှစ်ဖက်ဖြင့် ထုချလိုက်သည်။ ကော်နာတို့အိမ်မျက်နှာကြက်မှာ ပေါက်ကွဲမှုနှင့်အတူ ကောက်ကွေးကာ နံရံများတွင် အက်ကြောင်းရာကြီးများ ထလာသည်။ မိစ္ဆာကောင်ကြီးက ဒေါသတကြီးဖြင့် ထစ်ချုန်းအော်မြည်နေသောကြောင့် လေက သူ့တစ်ခန်းလုံး အပြည့် တဝုန်းဝုန်း တိုက်ခတ်နေသည်။

ကော်နာက အရေးမစိုက်သလို ပခုံးတွန့်ကာ-

"အော်ချင်သလောက်သာ အော်၊ ကျွန်တော်က ဒါထက်ဆိုးတာတွေ မြင်ဖူးပြီးသား" ဟု ပြောလိုက်သည်။

မိစ္ဆာကောင်ကြီးက ပို၍ပင် ကျယ်လောင်စွာ အော်မြည်လိုက်ပြီး ကော်နာ့ အခန်းပြတင်းပေါက်အား ထုချထည့်လိုက်ရာ အုတ်ခဲများ၊ သစ်သားများကျိုးကာ မှန်များလည်း တစ်စစီ ကွဲကုန်သည်။ ထို့နောက် ကြီးမားလှသော သစ်ကိုင်းများ တွန့်လိမ်ယှက်နွယ်နေသည့် လက်ကြီးတစ်ဖက်က အခန်းအလယ်မှ ကော်နာ့

mgyoe.com

mgyoe.com SAMPLE BOOK

အား ဆွဲယူကာ ကြမ်းပြင်မှ မြှောက်၍ ကိုင်လိုက်ပြီး အခန်းထဲမှ ခါရမ်း၍ ဆွဲထုတ်သွားသည်။ ၄င်းက အိမ်နောက်ဘက်ရှိ ခြံဝင်းအထက်တွင် ကော်နာ့ကို အမြင့်ကြီး မြှောက်၍ ကိုင်ထားလိုက်သည်။ လုံးဝန်းပြည့်ဖြိုးသော လမင်းကြီး သာနေသည့် ညနက်ထဲတွင် ကော်နာခမျာ တင်းကျပ်စွာ ချုပ်ကိုင်ထားသည့် သစ်ကိုင်းလက်ချောင်းကြီးများကြား၌ အသက်ပင် ဝဝမရှူနိုင်အောင် ဖြစ်နေသည်။ မိစ္ဆာကောင်ကြီး ပါးစပ်ဟလိုက်သောအခါ မာကျောသည့် သစ်ဖုအထုံးများက သွားများကဲ့သို့ မညီမညာ ပေါ်ထွက်နေကြောင်း တွေ့လိုက်ရသည်။ ထိုအကောင်ကြီး ရှူသွင်းလိုက်သည့် ခပ်နွေးနွေး လေအဟုန်က သူ့အား ပွတ်သပ်တိုက်ခတ်သွားသည်။ ထို့နောက် ၄င်းက ရပ်တန့်သွားပြန်သည်။

"မင်း တကယ် မကြောက်ဘူးလား၊ ကြောက်နေတယ် မဟုတ်လား"

"မကြောက်ဘူး၊ ခင်ဗျားကို ဘယ်နည်းနဲ့မှ ကြောက်မှာ မဟုတ်ဘူး" ဟု ကော်နာက ပြောလိုက်သည်။

မိစ္ဆာကောင်ကြီး၏ မျက်လုံးများ ကျဉ်းမြောင်းသွားသည်။

"ကြောက်လာမှာပါ။ အဆုံးသတ်အထိ ရောက်မလာသေးခင်မှာကိုပဲ မင်း ကြောက်လာမှာ"

ကော်နာ နောက်ဆုံး မှတ်မိလိုက်သည့်အရာမှာ ဟိန်းဟောက်အော်မြည်နေသော သစ်မိစ္ဆာကောင်ကြီးက သူ့ကို အရှင်လတ်လတ် ဝါးစားရန် ၄င်း၏ ပါးစပ်အား အကျယ်ကြီး ဟလိုက်သည်ကိုပင် ဖြစ်သည်။

❖

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)
## မနက်စာ

"အမေလားဟင်"

ကော်နာက မီးဖိုချောင်ထဲ လှမ်းဝင်လိုက်ရင်း မေးလိုက်သည်။ ရေနွေးအိုး တည်နေသည့်အသံ မကြားရသောကြောင့် အမေ မီးဖိုချောင်ထဲတွင် ရှိနေလိမ့်မည် မဟုတ်မှန်း သူ သိပါသည်။ မနက်တိုင်း အမေ ပထမဆုံးလုပ်လေ့ရှိက ရေနွေးအိုးတည်ခြင်း ဖြစ်သည်။ သို့သော် အိမ်ထဲရှိ မည်သည့်အခန်းသို့ သူ ဝင်လာသည်ဖြစ်စေ အမေ ရှိလားဟု အကြိမ်ပေါင်းများစွာ မေးနေမိမှန်း သူ့ဘာသာ သတိထားမိသည်။ အမေ့ကို အလန့်တကြား ဖြစ်စေဖို့ မရည်ရွယ်ပါ။ ရောက်နေသည့်နေရာတွင် အမှတ်တမဲ့ အိပ်ပျော်နေမှာစိုးသောကြောင့်သာ ဖြစ်သည်။

သို့သော် အမေက မီးဖိုချောင်ထဲတွင် မရှိချေ။ ကြည့်ရတာ အိပ်ရာထဲ၌ ရှိနေဆဲပင် ဖြစ်လိမ့်မည်။ သည်အချိန်မှာ ယခုက ကော်နာတစ်ယောက် လုပ်နေကျ အတိုင်း မနက်စာကို သူ့ဘာသာ ပြင်ဆင်ရမည့် သဘောဖြစ်သည်။ အင်းလေ၊ ကောင်းပါတယ်။ အဲဒါလည်း ပြီးတာပဲ။ ညက အိပ်ရေးပျက်ထားသောကြောင့် အထူးသဖြင့် သည်လို မနက်ခင်းမျိုးတွင် မနက်စာ ကိုယ့်ဘာသာ ပြင်ရတာ သိပ်စိတ်ညစ်ဖို့ ကောင်းသည်။ အမှိုက်ပုံးဆီ အမြန်သွား၍ အထဲရှိ ပလတ်စတစ်

mgyoe.com

mgyoe.com SAMPLE BOOK

အိတ် အောက်ခြေနားမှ သစ်ရွက်များကို ဖိသိပ်ကာ အပေါ်မှ အမှိုက်များဖြင့် ထပ်၍ ဖုံးလိုက်သည်။ အင်း… ဒီလောက်ဆို အဲဒီ သစ်ရွက်တွေ ပေါ်မနေတော့ဘူးပေါ့။

''ကဲ…ခု မနက်စာ ပြင်ရမယ်''

ကော်နာက တစ်စက္ကန့်လောက် မတ်တတ်ရပ်ကာ အသက်ဝဝရှူသွင်းလိုက်ရင်း သူ့ဘာသာ ခေါင်းညိတ်ပြောသည်။ ပေါင်မုန့်အချို့ကို မီးကင်စက်ထဲထည့်သည်။ ကွေကာအချို့ကို ပန်းကန်လုံးတစ်ခုထဲ ထည့်သည်။ ဖန်ခွက်တစ်ခွက်ထဲသို့ အချိုရည်တချို့ လောင်းထည့်လိုက်ပြီးနောက်တွင် မီးဖိုချောင်ထဲရှိ စားပွဲလေးတွင် ထိုင်ကာ မနက်စာစားဖို့ အသင့်ဖြစ်နေတော့သည်။ အမေကတော့ မြို့ထဲရှိ ကျန်းမာရေးအစားအစာများ ရောင်းသည့်ဆိုင်မှ သီးသန့်ဝယ်လာသည့် ပေါင်မုန့်နှင့် ကွေကာကိုသာ စားရမှာဖြစ်သည်။ ထိုပေါင်မုန့်များကို အမေနှင့်အတူ မျှမစားရသည်ကိုပင် ကျေးဇူးတင်ရမည်။ ပေါင်မုန့်များ၏ အရသာမှာ ၎င်းတို့၏ အသွင်အပြင်လိုပင် စိတ်မချမ်းသာစရာ ကောင်းလိမ့်မည် ထင်သည်။

နာရီကို လှမ်းကြည့်လိုက်တော့ ကျောင်းသွားဖို့ နှစ်ဆယ့်ငါးမိနစ်မျှ လိုသေးသည်။ ကျောင်းဝတ်စုံပြည့် ဝတ်ဆင်ကာ သည်ကနေ့ သင်ရမည့် ကျောင်းစာအုပ်များကို ကျောပိုးအိတ်ထဲ ထည့်ပြီး အိမ်ရှေ့တံခါးဝတွင် ထိုင်၍ အသင့်စောင့်နေလိုက်သည်။ သူ့အတွက်တော့ အားလုံး ပြင်လို့ဆင်လို့ ပြီးချေပြီ။ သူက မီးဖိုချောင်ကို ကျောပေးလျက် ထိုင်နေသည်။ သူတို့အိမ်နောက်ဖေးရှိ ခြံဝင်းလေးမှတစ်ဆင့် ကြည့်လိုက်လျှင် မြင်ရသည့် မီးရထားသံလမ်းကလေး ကွေ့ဝိုက်သွားသော ဘုရားကျောင်းဘေးမှ သင်္ချိုင်းကုန်းရှိ တစ်စုံတစ်ရာကို တမင် ကျောပေးထိုင်နေခြင်း ဖြစ်သည်။ ဟုတ်သည်၊ သူ ထင်းရှူးပင်ကြီးကို ကျောပေးထားခြင်းဖြစ်သည်။

ကော်နာက ကွေကာမုန့်ကို တစ်ကိုက် ကိုက်လိုက်ရာ မုန့်ဝါးနေသည့် အသံသာ တစ်အိမ်လုံးတွင် ပျံ့နှံ့နေသလို ခံစားရသည်။ ထိုအကောင်ကြီးကို သူ အိပ်မက်မက်ခဲ့သည်။ ဒီ့အပြင် ဘာများ ထပ်၍ ရှိဦးမည်နည်း။ သည်မနက် မျက်လုံးစပွင့်ပွင့်ချင်း ပထမဆုံး ကြည့်လိုက်မိသည့် အရာက သူ့အခန်းပြတင်းပေါက်ကိုပဲ ဖြစ်သည်။ ပြတင်းပေါက်ကား မပျက်မစီးဘဲ သူ့နေရာနှင့်သူ မူလအတိုင်းသာ ရှိနေသည်။ ပြတင်းပေါက်တင် မဟုတ်၊ အိမ်နောက်ဖေးက

mgyoe.com

mgyoe.com SAMPLE BOOK

ခြံဝင်းထဲတွင်လည်း အပေါက်ကြီး ဖြစ်မနေပါ။ ဘာဆို ဘာမျှ ကျိုးပဲ့ပျက်စီး နေခြင်း မရှိ။ အရာအားလုံး အကောင်းပကတိ အတိုင်းသာ ရှိနေသည်။ သို့သော် ညက အဖြစ်အပျက်ကတော့ တကယ် ဖြစ်ခဲ့တာ ဖြစ်သည်။ လူမမည် ကလေးတစ်ယောက်ယောက်သာ ထိုအဖြစ်ကို အိပ်မက်လား တကယ်လား တွေးလို့ ရလိမ့်မည်။ လူမမည် ကလေး တစ်ယောက်ယောက်သာ သစ်ပင်ကြီး တစ်ပင် တောင်ကုန်းကလေးပေါ်မှ လမ်းလျှောက်၍ ဆင်းလာကာ သူတို့အိမ်ကို တိုက်ခိုက်ခဲ့သည်ဆိုတာ ယုံလိမ့်မည်။ သူ့အတွေးနှင့်သူ ရယ်ဟဟ ဖြစ်သွား သည်။ ငါ့နှယ် အရူးထ လိုက်တာနော်။

သူ သည်အတိုင်းတွေးကာ အိပ်ရာမှ ထလာသောအခိုက် ခြေဖျား အောက်မှ တချွတ်ချွတ် အသံများကို ကြားရသည်။ ငုံ့ကြည့်လိုက်တော့ အိပ်ခန်း တစ်ခုလုံး ထိပ်ချွန်ထင်းရှူးရွက် အတိုအစကလေးများ တစ်လက်မမျှ မကျန် အောင် ဖုံးနေတာ တွေ့ရသည်။ သို့နှင့် သည်မနက် ပထမဆုံး လုပ်ရတာက ထိုသစ်ရွက်များကို လှည်းရကျင်းရတာ ဖြစ်သွားသည်။ ပလတ်စတစ်အိတ် အပြည့် အသိပ်ရလာသော ထိုသစ်ရွက်များကို အမှိုက်ပုံးထဲ ထည့်ပြီးနောက် အမှိုက်ပုံးကို သူ တစ်ချက်တောင် လှည့်မကြည့်တော့ချေ။ ပါးစပ်ထဲရှိ ကွေကာ မုန့်ကို နောက်ထပ် တစ်ကိုက် ထပ်ကိုက်လိုက်သည်။

ညက လေအတော်ထန်ခဲ့တာ ဖြစ်ရမည်။ လေပြင်းတိုက်သောကြောင့် သစ်ရွက်များက သူ့အခန်းပြတင်းပေါက်ကို ဖြတ်ကာ တစ်နည်းနည်းဖြင့် သူ့အခန်းထဲ ရောက်လာကြတာ ဖြစ်မည်။ ဒီကိစ္စက အရှင်းကြီးမှ အရှင်းကြီး။ ကွေကာမုန့်ကို လက်စသတ်လိုက်ပြီးနောက် ပေါင်မုန့်မီးကင်ကို ကောက်ဝါးကာ ကျန်လက်စ အချိုရည်ကို သောက်ချလိုက်သည်။ ထို့နောက် ပန်းကန်များအား ဆေးကြောကာ ပန်းကန်စင်တွင် ထားလိုက်သည်။ ကျောင်းသွားဖို့ မိနစ် နှစ်ဆယ်မျှ လိုသေးသည်။ အမှိုက်ပစ်ဖို့ ဆုံးဖြတ်လိုက်ကာ အမှိုက်ပုံးထဲမှ အထုပ်ကို ဆွဲထုတ်၍ ယူလိုက်သည်။ ထို့နောက် အိမ်ရှေ့ရှိ လက်တွန်းလှည်း အမှိုက်ပုံးကြီးထဲသို့ အမှိုက်များ သွန်ကာ အိတ်ကို နေရာတကျ ပြန်ထား လိုက်သည်။ အဝတ်လျှော်စက်ထဲသို့ အဝတ်ပိုင်းများကို ထည့်သည်။ ကျောင်းက ပြန်လာမှပဲ အပြင်ထုတ်၍ လှန်းတော့မည်ဟု စဉ်းစားသည်။ သို့နှင့် မီးဖိုချောင်ထဲ ဝင်လိုက် ထွက်လိုက်နှင့် နာရီကို လှမ်းကြည့်မိတော့ ကျောင်းသွားဖို့ ဆယ်မိနစ် သာ လိုတော့သည်။ အမေနှင့် ပတ်သက်သည့် ဘာအရိပ်အယောင်မျှ မမြင်ရ။

mgyoe.com

"ကော်နာ"

လေကားထိပ်မှ သူ့နာမည်ကို ခေါ်လိုက်သံ ကြားရသောအခါ သူ ကိုယ်တိုင်ပင် တင်းထားမိမှန်း သတိမထားမိသည့် သက်ပြင်းရှည်တစ်ချက် သူ့ဆီမှ ထွက်သွားသည်။

+ + +

"သား မနက်စာ စားပြီးပြီလား"

အမေက မီးဖိုချောင်တံခါးရွက်ကို မှီကာ မေးသည်။

"ဟုတ်ကဲ့ အမေ"

သူက ကျောပိုးအိတ်ကို ကိုင်လျက်သား ပြန်ဖြေသည်။

"သေချာရဲ့လား"

"သေချာပါတယ် အမေရဲ့"

အမေက သူ့ကို သံသယဖြစ်စွာ ကြည့်တော့ ကော်နာက အမေ့ထံမှ အကြည့်လွှဲလိုက်ရင်း -

"ပေါင်မုန့်မီးကင်လည်း စားပြီးပြီ၊ အချိုရည်လည်း သောက်ပြီးပြီ၊ ပန်းကန်တွေလည်း စင်ပေါ် ပြန်တင်ထားပြီးပြီ" ဟု ပြောလိုက်သည်။

"အမှိုက်လည်း ပစ်ပြီးပြီပေါ့လေ"

အမေက သူ သပ်သပ်ရပ်ရပ်ထားခဲ့သော မီးဖိုချောင်ကို ကြည့်ရင်း တိတ်ဆိတ်စွာ ပြောသည်။ ကော်နာက-

"လျှော်စရာတွေတော့ ရှိသေးတယ်" ဟု ပြောလိုက်ရာ သူမက-

"သားက လူတော်ကလေးပဲ" ဟု ပြုံးရင်း ဆိုသည်။

အမေ့လေသံထဲတွင် ဝမ်းနည်းမှုတို့ ရောစွက်နေသည်ကိုလည်း သူ ကြားရသည်။

"ဆောရီးကွယ်၊ အမေ အိပ်ရာ မနိုးမိတာ"

"ရပါတယ်"

"အသစ်စထားတဲ့ ဆေးပတ်က မလည်သေးတော့"

"ရပါတယ်ဆို"

mgyoe.com

ကော်နာ့အပြောကြောင့် အမေ့စကားက တစ်ပိုင်းတစ်စနှင့် ရပ်သွားသော်လည်း အမေက ကော်နာကို ပြန်ပြုံးပြဆဲဖြစ်သည်။ သည်မနက် အမေသည် သူမ၏ ခေါင်းကလေးအား ပဝါ မပတ်ရသေးချေ။ ထို့ကြောင့် မနက်ခင်း နေရောင်ခြည်တွင် အမေ၏ ဦးပြည်းပြောင်ပြောင်ကလေးမှာ မွေးကင်းစ ကလေးတစ်ယောက်၏ ဦးရေပြားလို ပျော့ပျောင်းနူးညံ့လွန်းသည့် ပုံပေါက်နေသည်။ ကော်နာက ဤအဖြစ်ကို ကြည့်ရင်း အူထဲအသည်းထဲမှ လှိုက်ခနဲ နာကျင်သွားသလို ခံစားရသည်။ အမေက–

"မနေ့ညက အမေကြားတဲ့အသံက သားပဲ မဟုတ်လား" ဟု မေးလိုက်ရာ ကော်နာ တောင့်ခနဲ ဖြစ်သွားသည်။

"ဘယ်တုန်းကလဲ"

အမေက ခပ်ဖြည်းဖြည်း လျှောက်လာကာ ရေနွေးအိုးခလုတ်ကို နှိပ်လိုက်ရင်း–

"ညသန်းခေါင်ကျော်ကျော်လောက်က ဖြစ်မယ်၊ အမေက အိပ်မက် မက်နေတယ် ထင်နေတာ၊ ဒါပေမဲ့ အဲဒါ သားအသံဆိုတာ အမေ ကျိန်ပြောလို့ ရတယ်" ဟု ပြောသည်။ ကော်နာက–

"အိပ်နေရင်း ယောင်တာ ဖြစ်မှာပေါ့" ဟု ခပ်ပြတ်ပြတ် ပြောလိုက်ရာ အမေက–

"အိပ်နေရင်း ယောင်တာ ဖြစ်မှာပေါ့" ဟု သံယောင်လိုက်ပြောကာ ရေခဲသေတ္တာထဲမှ မတ်ခွက်တစ်လုံးကို ယူရင်း–

"အမေ သားကို ပြောဖို့ မေ့နေလိုက်တာ၊ သားအဘွား မနက်ဖြန် လာမယ်တဲ့ သိလား" ဟု ပေါ့ပါးသွက်လက်စွာ ပြောသည်။

ထိုအခါ ကော်နာ့ပခုံးများ အောက်လျှောကျသွားသည်။

"အာ… အမေကလည်း"

"အမေ သိပါတယ် သားရယ်၊ ဒါပေမဲ့ သားလည်း မနက်တိုင်း ထပြီး မနက်စာ ပြင်မနေသင့်ဘူးလေ" ဟု အမေက ပြောရာ ကော်နာက–

"မနက်တိုင်း ဟုတ်လား၊ သူက ဒီမှာ ဘယ်လောက်ကြာအောင် နေမှာလဲ" ဟု မေးလိုက်သည်။

"ကော်နာကလည်း…"

mgyoe.com

"ဒီမှာ အဘွားလာနေဖို့မှ မလိုပဲ"

"အမေ ဒီကုသမှုအဆင့်ထိအောင် ဘယ်လိုရောက်လာသလဲ သားလည်း သိသားနဲ့ ကော်နာရယ်"

"သားတို့ ဒီအချိန်ထိတောင် ရောက်လာခဲ့ပြီးပြီပဲ၊ နောက်ထပ်..."

"ကော်နာ"

အမေက ရုတ်တရက် ဖြတ်အော်လိုက်သည်။ တင်းမာလှသော အမေ့အသံကြောင့် သူတို့နှစ်ဦးစလုံး အံ့အားသင့်သွားသည့်ပုံပေါ်သည်။ အချိန်အတော်ကြာအောင် တိတ်ဆိတ်နေပြီးနောက် အမေသည် အလွန် ပင်ပန်းချည့်နဲ့သွားသည့်ဟန်ဖြင့် သူ့ကို ပြုံးပြပြန်သည်။ အမေက-

"အမေလည်း တတ်နိုင်သလောက် အချိန်တိုနိုင်သမျှ တိုအောင် ကြိုးစားနေတာပါကွယ်၊ သားအခန်းကို ပေးနေရမှာ မကြိုက်ဘူးဆိုတာ အမေ သိပါတယ်၊ ဒီအတွက် စိတ်မကောင်းပါဘူး၊ အမေလည်း အဘွားကို မလိုအပ်ဘဲနဲ့ တမင်လာခိုင်းတာမှ မဟုတ်တာကွယ်၊ နော် ဟုတ်ပြီလား" ဟု ပြောသည်။

သူ့အဘွား အိမ်သို့ လာနေတိုင်း ကော်နာက ဆက်တီဆိုဖာပေါ်မှာ အိပ်ရလေ့ရှိသည်။ သို့သော် ကော်နာက သည်ကိစ္စအတွက် ပြောနေတာ မဟုတ်ပါ။ သူသဘောမကျသည်က အဘွားက သူ့အား ပြောပုံဆိုပုံကိုသာ ဖြစ်သည်။ အဘွားက သူ့ကို လုပ်သမျှ ဘာမှမအောင်မြင်သည့် သုံးစားမရသော အလုပ်သမားတစ်ယောက်လို ပြောဆိုဆက်ဆံလေ့ရှိသည်။ ထပ်ပြောရလျှင် အမေ့ကုသမှု မည်မျှဆိုးဝါးသည်ဖြစ်စေ သူတို့သားအမိနှစ်ယောက်တည်းသာ အခက်အခဲကို ရင်ဆိုင်ကျော်ဖြတ်လာခဲ့သည်မှာ ကြာလှပြီ။ အမေ နေပြန်ကောင်းလာမယ့် အချိန်ကိုသာ စောင့်နေဖို့ပဲ မဟုတ်ဘူးလား။ ဒါဆို ဘာကြောင့် အဘွားကို ခေါ်စရာ လိုဦးမှာလဲ။

အမေက သူ တွေးနေသည့် အရာကို သိနေသည့် အလား-

"နှစ်ည သုံးညလောက်ပါပဲကွယ်၊ မစိုးရိမ်ပါနဲ့၊ နော် ဟုတ်ပြီလား" ဟု ဆိုသည်။

သူ ဘာမှ မပြောတော့ဘဲ တခြားအရာများသာ စဉ်းစားဖို့ ကြိုးစားရင်း ကျောပိုးအိတ်ကို ဇစ်မှ ကောက်ဆွဲလိုက်သည်။ ထိုအခါ အမှိုက်ပုံးထဲ ဖိသိပ်၍ ထည့်ထားခဲ့သော သစ်ရွက်အိတ်အကြောင်း ပြန်သတိရသွားသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

သူ့အခန်းမှာ အဘွား လာနေခြင်းက ထိုသစ်ရွက်များ ရောက်လာတာ လောက်တော့ ဆိုးဝါးမှာ မဟုတ်ဟု တွေးရင်း ပြုံးလိုက်မိသည်။

အမေက "တွေ့လား အဲဒီ အပြုံးလေးတွေကြောင့် ချစ်နေရတာ" ဟု ဆိုကာ ရေနွေးဆူ၍ ခလုတ်ပိတ်သွားသော ရေနွေးအိုးဆီ ရောက်သွားသည်။

ထို့နောက် အမေက ပြောင်ချော်ချော် မျက်နှာပေးနှင့်-

"အဘွားက သူ့ဆံပင်တုအဟောင်းတွေ အမေ့ဆီ ယူလာခဲ့ပေးမယ်တဲ့။ သား မယုံလည်း နေပေါ့" ဟု ဆိုသည်။

အမေက အားနေသော လက်တစ်ဖက်ဖြင့် သူမ၏ ခေါင်းပြောင်ပြောင် ကလေးအား လက်နှင့်ပွတ်ကာ-

"အမေတော့ ဖုတ်ဝင်နေတဲ့ မာဂရက်သက်ချာနဲ့ တူနေတော့မှာပဲ" ဟု ပြောသည်။

ကော်နာ့မျက်လုံးများက နာရီဆီ ရောက်သွားသည်။

"သား နောက်ကျ တော့မှာပဲ" ဟု ဆိုလိုက်ရာ အမေက "ဟုတ်ပါပြီ အသည်းကျော်လေးရယ်" ဟု ဆိုကာ ယိုင်တိယိုင်တိုင်ဖြင့် သူ့ဆီလာပြီး နဖူးကို နမ်းသည်။ အမေက

"သားက လူကောင်းကလေးပါကွယ်၊ နောက်ကျရင် သား ဒီလောက်ကြီး ကောင်းနေစရာ လိုမှာ မဟုတ်တော့ပါဘူး" ဟု ပြောပြန်သည်။

ကျောင်းသွားဖို့ ထွက်လာတော့ မီးဖိုချောင်ထဲမှာ လက်ဖက်ရည် သောက်နေသော အမေ့ကို ကုန်းကမူလေးပေါ်မှ လှမ်းမြင်ရသည်။ အိမ်ရှေ့ တံခါးကို ဖွင့်၍ ထွက်လာစဉ် သူမဘာသာ ရေရွတ်လိုက်သည့် အမေ့စကားကို သူ ကြားဖြစ်အောင် ကြားလိုက်သေးသည်။

"ထင်းရှူးပင်ကြီးကလည်း အိုနေလိုက်တာ"

❖

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)
## ကျောင်း

ပါးစပ်ထဲမှ ထွက်လာသော သွေးစတို့ကို အရသာခံကြည့်လိုက်မိသည်။ မြေကြီးပေါ် လဲကျသွားစဉ်က နှုတ်ခမ်းအတွင်းသားကို သူ မတော်တဆ ကိုက်မိလိုက်သည်။ မတ်တတ်ပြန်ရပ်လိုက်သောအခါ သတိထားမိလိုက်သည်က ထိုသွေးတွေကိုပဲ ဖြစ်သည်။ သွေးအရသာမှာ သတ္တုအရသာလို တစ်မျိုးကြီးဖြစ်သောကြောင့် စားစရာ မဟုတ်တာ တစ်ခုခုကို စားလိုက်မိသလိုမျိုး ချက်ချင်း ပြန်၍ ထွေးထုတ်ပစ်လိုက်ချင်သည်။ သို့သော် ယင်းအစား မျိုချလိုက်သည်။

ဟယ်ရီနှင့် အပေါင်းအပါများသည် သူ သွေးထွက်သွားတာ သိလျှင် ထပ်စဖို့ ကြောက်ရွံ့သွားကြလိမ့်မည်။ သူ့အနောက်မှ အန်တန်နှင့် ဆူလီတို့ ရယ်နေသည်ကို ကြားရသည်။ ဟယ်ရီ့မျက်နှာကို မမြင်ရသော်လည်း မည်သို့မည်ပုံ ဖြစ်နေလိမ့်မည်ကို သူ သိနေသည်။ ဟယ်ရီသည် ဘယ်ကလေးမှ ထိပ်တိုက်တွေ့ချင်မှာမဟုတ်သော ခပ်ဆိုးဆိုးကျောင်းသားများ၏ ပုံစံမျိုးကို တုပကာ အူမြူးနေသော အသံဖြင့် စကားပြောချင်လည်း ပြောနိုင်သည်ဟု ခန့်မှန်းကြည့်မိသည်။

ဟယ်ရီက ''ကြည့်လျှောက်လေကွာ၊ မင်းက ခလုတ်တိုက် လဲတတ်တာပဲကို'' ဟု ဆိုသည်။

mgyoe.com


SAMPLE BOOK

အေးပါကွာ။ ဟုတ်မှာပါ။

အမြဲလိုလို ခလုတ်တိုက်လဲစရာတော့ ရှိမည် မဟုတ်ပါ။ အခုကိစ္စက မတော်တဆ ခလုတ်တိုက်လဲခြင်းမျိုးလည်း မဟုတ်ပါ။

ဆံပင်ရွှေရောင်ရှိသော ဟယ်ရီသည် နှစ်တိုင်းလိုလို ကျောင်းမှ ဆရာ၊ ဆရာမများ၏ အချစ်တော်လေး ဖြစ်လေ့ရှိသည်။ ကော်နာတို့ အတန်းထဲတွင် ပထမဆုံး လက်ထောင်တတ်သော တပည့်၊ ဘောလုံးအသင်းမှာ အမြန်ဆုံး ကစားသမား ဖြစ်လေ့ရှိသော ထိုချာတိတ်သည် ကော်နာ့အတွက်တော့ တစ်မျိုးတစ်ဖုံ ထူးခြားနေသည်။ သို့သော် ကောင်းသော ထူးခြားပုံမျိုးတော့ မဟုတ်။ သူတို့နှစ်ယောက်သည် သူငယ်ချင်းများ မဖြစ်ခဲ့ကြချေ။ ဟယ်ရီတွင် သူငယ်ချင်းဟူ၍ မရှိ။ နောက်လိုက်များသာ ရှိသည်။ ပုံမှန်အားဖြင့် အန်တန်နှင့် ဆူလီသည် ဟယ်ရီနောက်တွင်သာ မတ်တတ်ရပ်လျက် သူလုပ်သမျှကို လိုက်ရယ် ပေးတတ်ကြသည်။ ကော်နာနှင့် ဟယ်ရီသည် ရန်သူများလည်း မဟုတ်ကြချေ။ ဟယ်ရီက ကော်နာ့နာမည်ကို သိသည်ဆိုလျှင်တောင် ကော်နာ့အတွက် အကြီးအကျယ် အံ့သြစရာ ဖြစ်သည်။

သို့သော် မနှစ်တစ်နှစ်လောက်မှ စ၍ တစ်စုံတစ်ရာ ပြောင်းလဲသွားသည်။ ဟယ်ရီသည် ကော်နာကို သတိပြုမိလာကာ ပြောင်ချော်ချော် မျက်နှာပေးနှင့် စိုက်ကြည့်နေလေ့ရှိသည်။ ထိုပြောင်းလဲမှုက အမေ့ကိစ္စ ပေါ်ပေါ်ချင်း ဖြစ်လာသည်မဟုတ်ဘဲ အိပ်မက်ဆိုး စတင်မက်သော အချိန်လောက် ကျမှသာ ဖြစ်ပေါ်လာခဲ့တာ ဖြစ်သည်။



mgyoe.com
SAMPLE BOOK


အိပ်မက်ဆိုး ဆိုသည်မှာ အသက်ဝင်လာသော ခပ်ကြောင်ကြောင် ထင်းရှူးပင်ကြီးကို ပြောခြင်းမဟုတ်။ အခြားမည်သူ့ကိုမျှ ပြောပြမှာ မဟုတ်သည့် သူတစ်ယောက်တည်းသာ သိသော အိပ်မက်ဆိုးကို ပြောခြင်း ဖြစ်သည်။ ထိတ်လန့်တကြား အော်ဟစ်လိုက်သံ၊ ဟိုးအောက်သို့ ပြုတ်ကျ သွားသည့် အသံတို့ ပါဝင်သည့် တကယ့်အိပ်မက်ဆိုးကို ဆိုလိုခြင်းဖြစ်သည်။ ထိုအိပ်မက်ဆိုးကို သူစမက်သည့်အချိန်မှာပင် ဟယ်ရီကလည်း သူ့ကို သတိပြုမိတာ ဖြစ်သည်။ ထိုအဖြစ်မှာ ဟယ်ရီတစ်ဦးတည်းကသာ မြင်နိုင်သော ကော်နာ ခန္ဓာကိုယ်ပေါ်မှ လျှို့ဝှက်အမှတ်အသား တစ်ခုနှယ်ပင်။ သံကို သံလိုက်က ဆွဲငင်လိုက်သလိုမျိုး ထိုအမှတ်အသားကြောင့် ဟယ်ရီ့အာရုံက သူ့ဆီ ကျရောက်လာခဲ့သည်။

ကျောင်းစတက်သည့် ပထမဆုံးနေ့တွင်ပင် သူ လမ်းလျှောက်လာစဉ် ဟယ်ရီက ခလုတ်တိုက်အောင် ခြေထိုးခံလိုက်သဖြင့် ပလက်ဖောင်းပေါ် ရုတ်တရက် လဲကျသွားခဲ့သည်။ အဖြစ်က ထိုကဲ့သို့ပင် စတင်လာခဲ့တာ ဖြစ်သည်။ ပြီးတော့ ထိုကဲ့သို့ပင် ဆက်လက် ဖြစ်ပေါ်လျက် ရှိသည်။

⁘ ⁘ ⁘

ကော်နာက ရယ်မောနေသော အန်တန်နှင့် ဆူလီတို့ဘက်သို့ လှည့်ကြည့်သည်။ ကိုက်လိုက်မိသော နေရာကို သိဖို့ လျှာကို နှုတ်ခမ်းအတွင်း လိုက်တို့ကြည့်သည်။ သိပ်အဆိုးကြီးတော့ မဟုတ်ပါ။ ဒါလောက်ကလေး ဖြစ်ရုံဖြင့်လည်း သူ သေမသွားနိုင်ပါ။ နောက်ထပ် ဒီလိုမျိုး ဖြစ်မလာအောင်သာ လုပ်လို့ ရလိမ့်မည်ဟု တွေးနေမိသည်။ သို့သော် တစ်စုံတစ်ရာက နောက်ထပ် ဖြစ်ပွားပြန်သည်။

"သူ့ဘာသာ နေပါစေ"

ကြားလိုက်ရသော အသံကြောင့် ကော်နာ ရှက်သွားသည်။ သူ လှည့်ကြည့်လိုက်တော့ လီလီအင်န်ဒရူးစ်က ဟယ်ရီအား ခက်ထန်စွာ ကြည့်နေသည်ကို တွေ့ရသည်။ လီလီ၏ ထိုအပြုအမူကြောင့် အန်တန်နှင့် ဆူလီက တဟားဟားနှင့် ပို၍ပင် ပွဲကျသွားသည်။ အန်တန်က-

mgyoe.com

mgyoe.com SAMPLE BOOK

''မင်းရဲ့ ပူဒယ်ခွေးလေး လာပြီ'' ဟု ဆိုသည်။ လီလီက ''ငါက မှုမှုတတ ဖြစ်စေချင်လို့ဟဲ့'' ဟု အော်ပြောသည်။

လီလီ၏ ဝိုင်ယာကြိုးခွေလို ကောက်ကွေးလိမ်တွန့်နေသော ဆံပင်များမှာ သူမ၏ ခေါင်းနောက်မှာ ဘယ်လောက်ပဲ စုစည်းချည်နှောင်ထားထား ပူဒယ်ခွေးကလေးတစ်ကောင်၏ အမွေးများကဲ့သို့ ပြန်ကန်ထွက်နေသည်။

ဟယ်ရီက လီလီ့ကို လျစ်လျူရှုကာ အေးဆေးစွာဖြင့် ''မင်း သွေးထွက်နေပြီ အိုမယ်လီ'' ဟု ပြောသည်။

နှုတ်ခမ်းထောင့်စွန်းမှ စီးကျလာသော သွေးစများကို ကော်နာက လက်ဖြင့် သုတ်လိုက်သော်လည်း မမီလိုက်ချေ။ ဆူလီက ကျီးအာသံမျိုးဖြင့် ''သူ့အမေကတုံးက သူ့ကို သနားပြီး နမ်းလို့ ပိုကောင်းသွားတာပေါ့'' ဟု အော်ပြောသည်။

ကော်နာ့ကိုယ်ထဲတွင် နေတစ်စင်း ရုတ်ခြည်း တောက်လောင်သွားသလို ဖျဉ်းခနဲ ခံစားလိုက်ရသည်။ သူ့အစာအိမ်သည် မီးလောင်ကျွမ်းနေသော အလုံးတစ်လုံးအဖြစ် ကျုံ့ဝင်သွားသလို ခံစားရသည်။ သို့သော် သူ ဘာမှ မတုံ့ပြန်လိုက်နိုင်ခင်မှာပင် သူ့အစား လီလီက တုံ့ပြန်လိုက်သည်။ သူမက ရုတ်တရက် ဒေါသတကြီး အော်ဟစ်ကာ အုံ့အားသင့်နေသော ဆူလီကို ချုံပုတ်ထဲသို့ တွန်းထည့်လိုက်ရာ ဟန်ချက်ပျက်သွားသော ဆူလီခမျာ လမ်းမပေါ် ပစ်၍ လဲကျသွားသည်။

''လီလီအင်န်ဒရူးစ်''

ကြောက်မက်ဖွယ် လှမ်းအော်လိုက်သံ တစ်ခုက လမ်းတစ်ဖက်ခြမ်းမှ ဖြတ်သန်း၍ ထွက်ပေါ်လာသည်။ သူတို့အားလုံး တောင့်ခနဲ ဖြစ်သွားကြသည်။ လဲနေရာမှ ပြန်ထလာသည့် ဆူလီပင် တုံ့ခနဲ ရပ်သွားသည်။ သူတို့ရှိရာသို့ အတန်းပိုင်ဆရာမ မစ္စကွမ်က ဒရောသောပါး ပြေးလာသည်။ မစ္စကွမ်သည် ကြောက်စရာကောင်းလောက်အောင် မျက်မှောင်ကြုတ်ထားရာ သူမ၏ မျက်နှာတွင် အမာရွတ်ကြီးတစ်ခု ထင်းထင်းကြီး ပေါ်နေသလိုပင်။

လီလီက ''သူတို့က အရင်စတာ မစ္စ'' ဟု အရင် ဦးအောင် တိုင်လိုက်သည်။ မစ္စကွမ်က ''ဘာမှ မကြားချင်ဘူး၊ မင်း သက်သာရဲ့လား ဆူလီဗန်'' ဟု မေးလိုက်သည်။

ဆူလီက လီလီ့အား တစ်ချက် အမြန်လှမ်းကြည့်ကာ နာကျင်သွားသလို ဟန်ဆောင်လိုက်သည်။ သူက ''မသိဘူး မစ္စ၊ အိမ်ပြန်တာပဲ ကောင်းမယ်ထင်

mgyoe.com SAMPLE BOOK

တယ်'' ဟု ပြောသည်။ မစ္စကွမ်က ''လာရောမချန့်။ လီလီယန် မင်း ငါ့ရုံးခန်း လိုက်ခဲ့ချေ'' ဟု ပြောသည်။

''ဒါပေမဲ့ မစ္စ၊ သူတို့က''

''ကဲ... အခု လိုက်ခဲ့လို့ ပြောနေတယ်လေ၊ လီလီယန်''

''သူတို့က ကော်နာ့အမေကို ဟာသလုပ်နေတာ''

လီလီ့စကားကြောင့် သူတို့အားလုံး ရုတ်တရက် တောင့်ခနဲ ဖြစ်သွားကြပြန်သည်။ ကော်နာ့ အစာအိမ်ထဲမှ လောင်ကျွမ်းနေသော နေသည် ပို၍ ပူပြင်းစွာ လောင်မြိုက်လာပြီး သူ့တစ်ကိုယ်လုံးကို အရှင်လတ်လတ် ဝါးမျို သွားတော့မတတ် ဖြစ်နေသည်။ သူ့စိတ်ထဲမှာတော့ တဟူးဟူး တိုက်ခတ်နေသော လေပြင်း၊ လောင်ကျွမ်းပေါက်ကွဲနေသည့် အမှောင်ထုစသည့် အိပ်မက်ဆိုး၏ အရိပ်အယောင်များကို ဖျတ်ခနဲ ခံစားလိုက်ရသည်။ ထိုခံစားချက်ကို သူ မောင်းထုတ်ပစ်လိုက်သည်။

''ဟုတ်သလား ကော်နာ''

မစ္စကွမ်က တကယ်အတည်မေးခြင်း ဖြစ်သည်။ မစ္စကွမ်၏ မျက်နှာက တရားဟောဆရာတစ်ယောက်လို တည်ငြိမ်နေသည်။ လျှာပေါ်မှ သွေးများကို ထွေးထုတ်ပစ်လိုက်ချင်သော်လည်း မထွေးတော့ဘဲ ဟယ်ရီနှင့် သူ့အပေါင်းအပါများကို တစ်ချက် ကြည့်လိုက်သည်။ အန်တန်နှင့် ဆူလီက ကြောက်လန့်နေကြပုံပေါ်သော်လည်း ဟယ်ရီကတော့ ကော်နာပြောမည့်စကားကို သေသေချာချာ စူးစမ်းနေသလိုမျိုး ငြိမ်သက်တိတ်ဆိတ်စွာ မတုန်မလှုပ် ပြန်ကြည့်နေသည်။

ကော်နာက ''မဟုတ်ပါဘူး မစ္စ၊ အဲလို မဟုတ်ပါဘူး'' ဟု ဆိုကာ သွေးတို့ကို မျိုချပစ်လိုက်သည်။ သူက ''ကျွန်တော် ချော်လဲသွားတာပါ၊ သူတို့က ကျွန်တော့်ကို လာထူပေးကြတာ'' ဟု ပြောလိုက်သည်။

လီလီ့မျက်နှာသည် ချက်ချင်းပင် နာကျင်အံ့ဩမှုဖြင့် ပါးစပ်ဟသွားသော်လည်း ဘာသံမျှတော့ ထွက်မလာပေ။

မစ္စကွမ်က ''မင်းတို့ ကိုယ့်နေရာကိုယ်သွားကြတော့၊ လီလီယန်ကတော့ ငါနဲ့ လိုက်ခဲ့'' ဟု ဆိုသည်။

မစ္စကွမ်က လီလီကို ဆွဲခေါ်သွားတော့ လီလီက ကော်နာကို ပြန်လှည့်

mgyoe.com

m g y SAMPLE BOOK

ကြည့်လိုက်သည်။ သို့သော် ကော်နာကတော့ သူမကို လှည့်မကြည့်တော့ချေ။ ဟယ်ရီက ကော်နာ့ကျောပိုးအိတ်ကို ကောက်ပေးလိုက်ရင်း–

‘‘မင်း ကောင်းကောင်း လုပ်ခဲ့တာပဲ အိုမယ်လီ’’ ဟု ပြောသည်။

ကော်နာက ဘာမျှ မပြောတော့ဘဲ သူ့ကျောပိုးအိတ်ကို ခပ်ကြမ်းကြမ်း ဆွဲယူကာ ကျောင်းခန်းရှိရာ ဝင်လာခဲ့သည်။

❖

mgyoe.com

mgyoe.com

SAMPLE BOOK

# အခန်း (၄)
## ဘဝစာမျက်နှာ

ဇာတ်လမ်းတွေတဲ့။

အထက်ပါ စကားလုံးကို ကော်နာက အိမ်ပြန်လမ်းတစ်လျှောက် ခေါင်းနောက်အောင် စဉ်းစားလာခဲ့သည်။ ကျောင်းကအပြန်တွင်တော့ ဟယ်ရီတို့နှင့် လွတ်ရာလွတ်ကြောင်းလမ်းကို ကိုယ့်ဘာသာ ရှာဖွေလာခဲ့သည်။ နောက်ရက်အတော်များများမှာလည်း ဟယ်ရီတို့အုပ်စု ဖန်တီးလာမည့် နောက်ထပ် မတော်တဆ အဖြစ်အပျက်များကို ရှောင်ရပေဦးမည်။ မစ္စကွမ် ဖမ်းမိတော့မလို ဖြစ်ပြီးသည့်နောက်ပိုင်းတွင် သူတို့ ကလည်း သူ့ကို ဒုက္ခပေးရန် ပိုကောင်းသော အခြားနည်းလမ်းများအား ရှာချင်ရှာနေပေလိမ့်မည်။

အသားတစ်တွဲလောက် ချထားလိုက်လျှင်ပင် ကျက်သွားနိုင်သည့် နီရဲမို့ဖောင်းနေသော မျက်လုံးများနှင့် စာသင်ခန်းထဲ ဝင်လာသည့် လီလီကိုလည်း သူ ရှောင်ရမည်။ ကျောင်းဆင်းခေါင်းလောင်းထိုးသည်နှင့် ကော်နာ တစ်ယောက် ဟယ်ရီ၊ လီလီ စသော ဝန်ထုပ်ဝန်ပိုးများကို ပခုံးပေါ်မှ လွှင့်ပစ်လိုက်ချင်စိတ်ဖြင့် လမ်းပေါ်သို့ ဒရောသောပါး ပြေးထွက်လာခဲ့သည်။ ဖြစ်နိုင်လျှင် လတ်တလော ခံစားနေရသော တခြားဝန်ထုပ်ဝန်ပိုးများကိုပါ လွှင့်ပစ်လိုက်ချင်သည်။

ဇာတ်လမ်းတွေတဲ့။

mgyoe.com

 SAMPLE BOOK 

သူ ထပ်စဉ်းစားမိပြန်သည်။ မစ္စမားလ်က အင်္ဂလိပ်စာအတန်းချိန်တွင် ပြောခဲ့သည်ကို ပြန်ကြားယောင်မိသည်။

'မင်းတို့ရဲ့ ကိုယ်ပိုင်ဇာတ်လမ်းတွေအကြောင်း ရေးခဲ့ရမယ်၊ ကိုယ် အသက်ရှင်တဲ့ ကာလကလေးမှာ ဇာတ်လမ်းလေးတစ်ပုဒ်တောင် ပြောစရာ မရှိဘူးလို့ ထင်မနေကြနဲ့'

မစ္စမားလ်က ဘဝစာမျက်နှာဟု နာမည်ပေးထားသော စာစီစာကုံး တစ်ပုဒ်ကို ကိုယ့်ဘာသာ ရေးလာကြဖို့ တာဝန်ပေးလိုက်သည်။ မိသားစု အဆက်အနွယ်၊ သူတို့ ဘာလုပ်ခဲ့ကြသည်၊ ဘယ်မှာ နေထိုင်ကြသည်ဆိုတာက အစ အားလပ်ရက်ခရီးများ၊ ပျော်စရာ အမှတ်တရများအကြောင်းအထိ ပါရမည်တဲ့။

စိတ်ထဲမှာ စွဲနေသည့် အဖြစ်အပျက်များတော့ ကော်နာ့မှာ ရှိသည်။ ကျောပိုးအိတ်ကို ပခုံးတစ်ဖက်သို့ လွှဲပြောင်းရင်း အမှတ်ရစရာ ဖြစ်ရပ်များကို တတ်နိုင်သမျှ ပြန်စဉ်းစားကြည့်မိသော်လည်း ထိုအကြောင်းအရာများကို ချရေးဖို့တော့ စိတ်မပါချေ။ တစ်ခါတုန်းက ကော်နာ့အဖေသည် ကြောင်ကလေး တစ်ကောင် မျက်စိလည်လမ်းမှား၍ ပျောက်သွားသလိုမျိုး အိမ်မှ ထွက်သွား ခဲ့တာ ဘယ်သောအခါမှ ပြန်ရောက်မလာတော့ပေ။ ထိုနေ့လယ်ခင်းကျတော့ အမေက သူ့ကို စကားနည်းနည်း ပြောရအောင်ဟု ဆိုသည်။ သူ မျက်မှောင် ကြုတ်ကာ လမ်းဆက်လျှောက်နေမိသည်။

ထိုနေ့မတိုင်မီ ရှေ့တစ်ရက်ကိုလည်း သူ သတိရသွားသည်။ ထိုရက်က အမေသည် သူ့အကြိုက် အိန္ဒိယစားသောက်ဆိုင်သို့ ခေါ်သွားကာ ဗင်တာလူး ဟင်းကို စားချင်သလောက် မှာခိုင်းသည်။ သူက 'ဖြစ်ပါ့မလား' ဟု ဆိုတော့ အမေက 'ဘာလို့ မဖြစ်ရမှာလဲ' ဟု ရယ်ရင်း သူ့မအတွက်ပါ မှာသည်။ ထို့နောက် ကားထဲသို့ ပြန်မရောက်မီမှာပင် လေလည်ကြတော့သည်။ အိမ်သို့ ကားမောင်းပြန်သည့် တစ်လမ်းလုံး လေလည်လိုက်ကြ၊ ရယ်မောလိုက်ကြဖြင့် သားအမိနှစ်ယောက်မှာ စကားတောင် သေချာမပြောမိကြချေ။ ကော်နာက ထိုအကြောင်းကို တွေးရင်း ပြုံးလိုက်မိသည်။

အဲသည်ညက အိမ်သို့လည်း တန်းမပြန်ဖြစ်ခဲ့ချေ။ မနက်ဖြန် ကျောင်း သွားရဦးမည်မှန်း သိရက်သားနှင့် ရုပ်ရှင်ရုံသို့ ရှောင်တခင် ရောက်ခဲ့ကြသည်။ ထိုရုပ်ရှင်ကို ကော်နာက လေးကြိမ်လောက် ကြည့်ပြီး ဖြစ်သော်လည်း

mgbe.com

ကြည့်မဝ ဖြစ်နေခဲ့သည်။ အမေကတော့ သေလောက်အောင် ပျင်းရိငြီးငွေ့နေသည်။ သို့သော် ပြောင်းဖူးပေါက်ပေါက်လေး စားလိုက်၊ ကိုလာလေးသောက်လိုက်နှင့် သားအမိနှစ်ယောက်သား ထိုရုပ်ရှင်ကို ပျော်ရွှင်မြူးထူးစွာ ထိုင်ကြည့်ခဲ့ကြပါသည်။

ကော်နာသည် ငတုံးတစ်ယောက်မဟုတ်သည့်အတွက် နောက်တစ်နေ့ နေ့လယ်တွင် အမေနှင့် စကားနည်းနည်းပါးပါး ပြောမိသောအခါတွင်တော့ ထိုညက အမေ အဘယ်ကြောင့် ထိုသို့လုပ်မှန်း နားလည်လိုက်သည်။ သို့သော် ဘာကြောင့်ပဲဖြစ်ဖြစ် ထိုညက အပျော်ကတော့ ပျက်စီးမသွားခဲ့ပါ။ သူတို့ ဘယ်လောက်ပဲ ပျော်ခဲ့ရသည်ဖြစ်စေ၊ ဘာတွေ ဆက်ဖြစ်လာပါစေ၊ သူတို့ သားအမိဆီ ဘယ်လို ပျော်ရွှင်စရာမျိုးပဲ ရောက်လာလာ၊ ဘာမှ ထပ်မံ အံ့သြစရာ ရှိတော့မည် မဟုတ်ပါ။ ထိုအကြောင်းကိုလည်း သူ စာစီကုံးမှာ မဟုတ်ပါ။

"ဟေး"

သူ့အနောက်မှ ခေါ်လိုက်သံကြောင့် သူ ညည်းညူလိုက်မိသည်။

"နေပါဦးဟဲ့ ကော်နာရဲ့"

ထိုသူမှာ လီလီ ဖြစ်ပါသည်။

"ဟဲ့"

လီလီက ပြောပြောဆိုဆိုဖြင့် သူ့ကို မီသွားကာ အရှေ့က ဖြတ်၍ ပိတ်ရပ်လိုက်ရာ လီလီကို ဝင်တိုက်မိမှာစိုး၍ ရပ်လိုက်ရသည်။ လီလီက မောကြီးပန်းကြီး ဖြစ်နေသော်လည်း မျက်နှာတွင် ဒေါသတို့ ရှိနေဆဲပင်။

လီလီက "ဒီနေ့ နင်ဘယ်လိုလုပ်လိုက်တာလဲဟ" ဟု ဆိုလိုက်ရာ ကော်နာက လီလီကို တွန်းဖယ်ကာ "ငါ့ဘာသာ နေပါရစေ" ဟု ပြောရင်း လမ်းကိုသာ ဆက်လျှောက်သည်။

လီလီက သူ့နောက်မှ လိုက်မြဲ လိုက်လာကာ ပြောပြန် သည်။

"မစ္စကွမ်ကို ဘာလို့ အမှန်အတိုင်း မပြောလိုက်တာလဲ၊ ဘာလို့ ငါ့ကို ဒုက္ခရောက်အောင် လုပ်တာလဲ"

"နင့်အပူ မဟုတ်ဘဲ ဘာကိစ္စ ဝင်ပါတာလဲ"

"ငါက နင့်ကို ကူညီဖို့ ကြိုးစားတာလေ"

mgyoe.com

mgyoe.com
SAMPLE BOOK

"ငါမှ နင့်အကူအညီ မလိုဘဲ၊ ငါ့ဘာသာငါ အဆင်ပြေအောင် လုပ်နေတာပဲ"

"နင် လုပ်တာ အဆင်မှ မပြေဘဲ၊ သွေးတောင် ထွက်နေတယ်လေ"

"အဲဒါ နင့်ကိစ္စ မဟုတ်ဘူး"

ကော်နာက ခပ်ပြတ်ပြတ်ပြောကာ သူမကို ရှောင်ထွက်လိုက်သော်လည်း လီလီက အတွန့်တက်ပြန်သည်။

"ငါ့ကို တစ်ပတ်လုံး စောင့်ကြည့်မယ်တဲ့၊ ပြီးတော့ အိမ်က ငါ့မိဘတွေဆီလည်း မှတ်ချက် ရေးပို့လိုက်တယ်"

"အဲဒါ ငါ့ပြဿနာ မဟုတ်ဘူး"

"ဒါပေမဲ့ အဲဒါ နင့်အမှားကြောင့်လေ"

ကော်နာက ရုတ်တရက် ရပ်လိုက်ကာ လီလီ့ဘက် လှည့်လိုက်သည်။ အလွန် ဒေါသထွက်နေသည့် သူ့အသွင်ကြောင့် လီလီက ကော်နာ့ကို စိုက်ကြည့်ရင်း ထိတ်လန့်သွားသလိုမျိုး နောက်သို့ပင် ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

ကော်နာက "အဲဒါ နင့်ကြောင့်၊ ဒါတွေအားလုံးက နင့်ကြောင့်ဖြစ်တာ" ဟု အော်ထည့်လိုက်သည်။

သူက ပြောပြီးပြီးချင်း ပလက်ဖောင်းအောက်သို့ ဒေါကြီးမောကြီး ဆင်းချသွားသည်။ လီလီက အနောက်မှ လှမ်းခေါ်လိုက်သေးသည်။

"ငါတို့က သူငယ်ချင်းတွေပဲဟာ"

"သူငယ်ချင်းတွေဆိုပဲ"

ကော်နာက လှည့်မကြည့်ဘဲ ရေရွတ်လိုက်သည်။

လီလီ့အကြောင်း ငယ်ငယ်ကတည်းက သိပြီးသား ဖြစ်သည်။ သိတတ်စ အရွယ်ကတည်းက သူမကို မှတ်မိသည်။ ကော်နာနှင့် လီလီ့ကို မမွေးခင်ကတည်းက အမေအချင်းချင်းမှာ သူငယ်ချင်းများ ဖြစ်သည်။ သူသည် လီလီကို ဘေးအိမ်က အစ်မကြီးလိုမျိုး ရင်းနှီးခဲ့သည်။ ထို့ကြောင့် သူတို့နှစ်ယောက်၏ မိခင်များအနေဖြင့် ကလေးများကို တစ်ယောက် တစ်လှည့်စီပင် ထိန်းကျောင်းခဲ့ဖူးမလား မသိ။ သို့သော် သူနှင့် လီလီကတော့ ကျောင်းတွင် တစ်ခါတလေတောင် စနောက်ဖူးခြင်း မရှိချေ။ ထိုသို့ စိတ်ကူးယဉ်စရာ အဖြစ်သနစ်များလည်း မရှိပါ။ အတူတူ မွေး၊ အတူတူ ကြီးပြင်း၍ အတူတူ ဆော့ကစားလာသူများ ဖြစ်နေသောကြောင့် ကော်နာအနေဖြင့် လီလီ့ကို ကျောင်းမှ တခြား မိန်းကလေး


mgyoe.com

mgyoe.com SAMPLE BOOK

များလို မိန်းကလေး တစ်ဦးအဖြစ်ပင် မြင်ယောင်ကြည့်ဖို့ ခက်လှသည်။ လီလို့နှာခေါင်းကို ဘယ်လို လိမ်ဆွဲရမလဲ သူ သိသည်။ အဖေ အပြင်ထွက်လျှင် ကော်နာ အဝေးကြည့် မှန်ပြောင်း မှာရတာ အမေဖြစ်ကြောင်း လီလီ သိသည်။ ထိုရင်းနှီး ခင်မင်မှုများမှာ သာမန်ဖြစ်နေကျ အရာများပဲ မဟုတ်ဘူးလား။

သို့သော် အမေနှင့် သူ အေးအေးဆေးဆေး စကားပြောအပြီးမှာတော့ အဖြစ်အပျက်များက ရုတ်တရက် ရှိုးရှိုးကလေးပင် အလုံးစုံ ပြောင်းလဲ သွားသည်။ အစက ဘယ်သူမှ မသိ။ ထို့နောက် လီလို့အမေ သိသွားသည်။ ဒါဆို လီလီ သိပြီ။ ထို့နောက် လူတိုင်း သိပြီပေါ့။ လူတိုင်းလိုလိုလေ။

လောကကြီးတစ်ခုလုံး တစ်နေ့တည်းမှာပင် ပြောင်းလဲသွားခဲ့သည်။ သည့်အတွက် လီလီကို သူ ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ပါ။ နောက်ထပ် နှစ်လမ်း၊ သုံးလမ်းလောက် ကျော်ဖြတ်ပြီးလျှင် တသီးတသန့် တည်ရှိနေသည့် သူ့အိမ်ကလေးသို့ ရောက်ပြီ။ အိမ်ကလေးထဲတွင် ရှိနေမည့် တစ်ခုတည်း သော အရာမှာ အဖေနှင့် ကွာရှင်းပြတ်စဲထားသော အမေသာ ဖြစ်သည်။ ထိုသို့



mgyoe.com

m gyoe.com
SAMPLE BOOK

ကွာရှင်းလိုက်သည်က လင်မယားနှစ်ယောက်စလုံးကို လွတ်လပ်ကာ ရှင်းရှင်းလင်းလင်း ဖြစ်သွားစေသည်။

အဖေက စတက်ဖနီဟု ခေါ်သည့် ဇနီးအသစ်ကလေးဖြင့် အမေရိကားသို့ ထွက်သွားသော်လည်း ကော်နာတို့သားအမိကတော့ သည်အိမ်ကလေးကနေ ဘယ်တော့မှ ထွက်သွားမှာ မဟုတ်။ ထိုအဖြစ်အပျက်က ခြောက်နှစ်ခန့်ကြာလှပြီ ဖြစ်သောကြောင့် အိမ်မှာ အဖေရှိတုန်းက ဘယ်လိုမျိုးလဲ ဆိုတာကိုပင် ကော်နာ မမှတ်မိတော့ချေ။ သို့သော် ထိုအကြောင်းကို သူ မစဉ်းစားဘဲနေနေတာတော့ မဟုတ်ပါ။

သူတို့အိမ်ကလေးကို ကျော်လွန်၍ တောင်ကုန်းနောက်ကွယ်ရှိ ဘုရားကျောင်းလေး၏ ကောင်းကင်သို့ တို့ထိလုမတတ် ဖြစ်နေသည့် စုလစ်မွမ်းချွန်တိုင်ထိပ်ကို သူ ကြည့်နေမိသည်။ ပြီးတော့ သင်္ချိုင်းကုန်းပေါ်တွင် ဘီလူးကြီးတစ်ကောင် အိပ်မောကျနေသလိုမျိုး ထီးထီးကြီး တည်ရှိနေသော ထင်းရှူးပင်ကြီးကိုလည်း ကြည့်လိုက်မိသည်။ ထိုသစ်ပင်ကြီးသည် ရထားသံလမ်းနားရှိ အခြားသစ်ပင်များလိုပင် သက်မဲ့သစ်ပင်ကြီး တစ်ပင်သာဖြစ်ကြောင်း သေချာစေရန် သူ့စိတ်ကို အတင်းအကျပ် ကြည့်ခိုင်းနေမိသည်။

သစ်ပင်က သစ်ပင်ပါပဲ။ အရင်ကလည်း သစ်ပင်က သစ်ပင်တစ်ပင်ပါပဲ။ ဘယ်တော့မှ အသက်ဝင်မလာခဲ့ဖူးတဲ့ သစ်ပင် တစ်ပင်ပါပဲ။

ကော်နာ ကြည့်နေစဉ်မှာပင် ထိုသစ်ပင်ကြီးသည် သူ့ကို မော့၍ကြည့်လာသည်ကို နေရောင်ဖြင့် မြင်လိုက်ရသည်။ ၄င်းက လက်များကို ဆန့်ထုတ်လိုက်ကာ သူ့ကို စကားလှမ်းပြောလိုက်သည့် အသံကိုလည်း ကြားရသည်။

''ကော်နာ''

သူ လန့်ဖျပ်၍ နောက်သို့ အမြန် ဆုတ်လိုက်မိရာ လမ်းမပေါ် လဲကျသွားတော့မလို ဖြစ်သွားသဖြင့် သူ့နောက်မှာ ရပ်ထားသော ကားရှေ့ဖုံးကို လှမ်းကိုင်၍ ထိန်းလိုက်ရသည်။ သူ ပြန်ထ၍ လှည့်ကြည့်လိုက်သောအခါ ထင်းရှူးပင်ကြီးသည် သူ့နဂိုမူလအတိုင်း မလှုပ်မယှက် ပြန်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

❖

mgyoe.com

mgyoe.com
SAMPLE BOOK

## အခန်း (၅)
## ပုံပြင် သုံးပုဒ်

အိပ်ရာထဲတွင် အိပ်မပျော်ဘဲ မျက်စိကြောင်နေသဖြင့် ခုတင်ဘေးရှိ စားပွဲပေါ်မှ နာရီကို ကြည့်လိုက်သည်။ တွေးကြည့်ရသလောက် ဤညသည် အချိန်ကုန် အနှေးဆုံးည ဖြစ်သည်။ လာဇညာဟု ခေါ်သော ခဲနေသည့် အီတလီမုန့်ကို ချက်ရတာ ပင်ပန်းလွန်းသောကြောင့် အမေသည် အိစ်အန်ဒါး ဇာတ်လမ်းတွဲကိုပင် ငါးမိနစ်မျှသာ ကြည့်ပြီး အိပ်ပျော်သွားသည်။ ကော်နာက ထိုအစီအစဉ်ကို မုန်းသော်လည်း အမေ့အတွက် ကူးယူထားပေးလိုက်သည်။ ထို့နောက် အမေ့ကို စောင်ထူကြီးတစ်ထည် လွှမ်းခြုံပေးခဲ့ကာ ပန်းကန်သွားဆေးသည်။

အမေ့ဖုန်းက တစ်ချက်မြည်လာသေးသော်လည်း အမေက မနိုးတော့ပေ။ လီလို့အမေဆီမှ ဖြစ်ကြောင်း တွေ့လိုက်သဖြင့် အသံမက်ဆေ့ချ်ဆီ ရောက်သွားအောင် သည်အတိုင်း လွှတ်ထားလိုက်သည်။ မီးဖိုချောင် စားပွဲပေါ်တွင် အိမ်စာများ ချရေးသော်လည်း မစ္စမားလ်၏ ဘ၀စာမျက်နှာ အကြောင်းကိုတော့ စာစီကုံးမနေတော့ဘဲ ရပ်လိုက်သည်။ ထို့နောက် သူ့အခန်းဆီ ပြန်ကာ ခဏလောက် အင်တာနက် သုံးနေလိုက်သေးသည်။ ထို့နောက် သွားတိုက်ကာ အိပ်ရာဝင်လိုက်သည်။ ညအိပ်မီးကိုတော့ ပိတ်ခဲ့သည်။ အမေက သူ့ဆီ ချည့်ချည့်နဲ့နဲ့ဖြင့် ဝင်လာကာ အိပ်ရာဝင်အနမ်း မပေးမချင်း သည်လိုပဲ

mgyoe.com

m g y o e . c o m SAMPLE BOOK


လုပ်လေ့ရှိသည်။ မိနစ်အနည်းငယ်မျှ ကြာသောအခါ ရေချိုးခန်းတွင် အမေ အန်နေသည်ကို ကြားရသည်။

သူက ''သား လာကူပေးရဦးမလား'' ဟု အိပ်ရာပေါ်မှ လှမ်းမေးလိုက်သည်။ အမေက ''ရတယ် သားလေး၊ အခုတော့ နေသားကျနေပါပြီ'' ဟု ဖျော့တော့အားနည်းစွာ ပြန်ပြောသည်။

ဒါက သည်လိုပဲ ဖြစ်နေကျ။ ကော်နာလည်း ထိုသို့ပင် အသားကျနေပြီ ဖြစ်သည်။ အဆိုးရွားဆုံးနှင့် အပြင်းထန်ဆုံး ကုထုံးများ ပြီးသည့်အခါ ဒုတိယရက်၊ တတိယရက် စသည့်ရက်များတွင် အမေသည် အမြဲလိုလို အပင်ပန်းဆုံးနှင့် အအန်ဆုံး ဖြစ်သည်။ ဤသို့ ဖြစ်နေသည်က ပုံမှန်လို ဖြစ်လုနီးပါး ရှိနေပြီ။ တစ်အောင့်ကြာတော့ အမေ အန်တာ ရပ်သွားသည်။ ရေချိုးခန်းမီး ပိတ်လိုက်သံနှင့် အမေ့အိပ်ခန်းတံခါး ပိတ်လိုက်သံကို သူ ကြားရသည်။

နှစ်နာရီလောက်ကြာသွားသည့်တိုင် သူကတော့ အိပ်မပျော်ဘဲ တစ်စုံတစ်ရာကို စောင့်ရင်း လှဲနေဆဲပင်။ သူ ဘာကို စောင့်နေမိတာလဲ။ သူ့အိပ်ရာဘေးမှ နာရီက ၁၂ နာရီ ၅ မိနစ်ဟု ပြနေသည်။ ထို့နောက် ၁၂ နာရီ ၆ မိနစ်။ အိပ်ခန်းပြတင်းပေါက်ကို လှမ်းကြည့်မိတော့ အိုက်စပ်သော ညဖြစ်သော်လည်း ပြတင်းပေါက်ကိုတော့ လုံအောင် ပိတ်ထားမိတာ တွေ့ရသည်။ နာရီက ၁၂ နာရီ ၇ မိနစ်သို့ ရောက်သွားသည်။

သူ အိပ်ရာမှ ထကာ ပြတင်းပေါက်နားသွား၍ အပြင်ကို ကြည့်လိုက်မိသည်။ သစ်မိစ္ဆာကောင်ကြီးသည် ခြံဝင်းထဲ မတ်မတ်ကြီး ရပ်လျက်သား သူ့ကို ပြန်၍ စိုက်ကြည့်နေသည်။

''တံခါးဖွင့်လိုက်လေ''

၄င်း၏ အသံက သူတို့နှစ်ဦးအကြားတွင် ပြတင်းတံခါး မရှိသလိုမျိုး ရှင်းလင်းပြတ်သားလှသည်။

''ငါ မင်းကို ပြောစရာ ရှိတယ်''

''အင်းပေါ့၊ ပြောလေ၊ မိစ္ဆာကောင်တွေဆိုတာ အမြဲ ဒီလိုပဲ ဖြစ်ချင်ကြတာ မဟုတ်လား၊ ပြောစရာ ရှိလို့ပါ ဘာညာပေါ့''

ကော်နာက လေသံကို နှိမ့်၍ ပြောလိုက်သည်။ မိစ္ဆာကောင်ကြီးက ပြုံးလိုက်သည်။ ထို့နောက် သူ့ကို ပြန်ကြည့်လိုက်ပုံက အသည်းထိတ်စရာ ကောင်းလှသည်။

mgyoe.com

mgyoe.com

SAMPLE BOOK



"အတင်း ချိုးဖျက်ပြီး အထဲဝင်ရမှဆိုရင်လည်း ပျော်ပျော်ကြီး လုပ်ပစ်လိုက်မှာနော်"

ငှင်းက ပြောပြောဆိုဆိုဖြင့် သစ်သားအဖုဖု အထစ်ထစ် ထနေသော လက်သီးဆုပ်ကြီးဖြင့် ကော်နာ့အိပ်ခန်းနံရံသို့ ထုရန် မြှောက်လိုက်သည်။

ကော်နာက "မလုပ်နဲ့၊ ခင်ဗျားကြောင့် အမေ့ကို မနိုးစေချင်ဘူး" ဟု ပြောလိုက်သည်။

"ဒါဆို အပြင်ထွက်လာခဲ့လေ"

ကော်နာသည် သူ့အိပ်ခန်းတွင်း၌ပင် ရှိနေဆဲ ဖြစ်သော်လည်း သူ့နှာခေါင်းဝတွင် စိုစွတ်သော မြေကြီးအနံ့၊ သစ်သားအနံ့နှင့် သစ်စေးနံ့များ အပြည့်ရနေသည်။



ကော်နာက "ခင်ဗျား ကျုပ်ဆီက ဘာလိုချင်လို့လဲ" ဟု မေးလိုက်ရာ မိစ္ဆာကောင် ကြီးက သူ့မျက်နှာကြီးအား ပြတင်းပေါက်နှင့် နီးကပ်သွားအောင် တိုးလာသည်။

"ငါက မင်းဆီက လိုချင်တာ မဟုတ်ဘူး ကော်နာအိုမယ်လီ၊ မင်းကသာ ငါ့ဆီက လိုချင်နေတာ"

"ကျွန်တော် ခင်ဗျားဆီက ဘာမှ မလိုချင်ဘူး" ဟု ကော်နာက ပြောလိုက်သည်။

mgyoe.com

mgyee.com SAMPLE BOOK


"အခုတော့ မဟုတ်သေးဘူးပေါ့၊ ဒါပေမဲ့ နောက်ကျရင် လိုချင်လာလိမ့်မယ်။

"ဒါ အိပ်မက်မက်နေတာပါပဲ"

ကော်နာက သူ့ကိုယ်သူ ပြောလိုက်ခြင်း ဖြစ်သည်။ ကော်နာမှာ အိမ်နောက်ဘက် ခြံဝင်းကလေးထဲတွင် ရောက်နေပြီး ညကောင်းကင်ယံတွင် ထိုးထိုးထောင်ထောင်ဖြစ်နေသည့် ထိုသစ္စဝါကြီးကို မော့ကြည့်နေမိသည်။ အေးသောကြောင့်မဟုတ်ပါဘဲ လက်နှစ်ဖက်ဖြင့် သူ့ကိုယ်သူ တင်းကျပ်စွာ ပိုက်ထားမိသည်။ အပေါ်မှ လှေကားထစ်များကို ဘယ်ပုံဘယ်နည်းဖြင့် ခြေဖျားထောက်ဆင်းလာမိမှန်း မသိသလို အိမ်နောက်ဖေးတံခါးကို ဖွင့်၍ အပြင်သို့ ဘယ်လို ထွက်လာမိမှန်းလည်း သူ့ဘာသာ မသိ။ ဤအဖြစ်ကို တကယ်ပင် မယုံနိုင်ပေ။ ဤအဖြစ်က ထူးဆန်းလှသော်လည်း သူကတော့ တည်တည်ငြိမ်ငြိမ်ပင် ရှိနေဆဲ ဖြစ်သည်။ ဤအရာသည် အိပ်မက်ဆိုး တစ်ခုသာ ဖြစ်မှာ သေချာသည်။ အခြားအိပ်မက်ဆိုးများနှင့် မတူ၊ တမူထူးသော အိပ်မက်ဆိုး တစ်ခုမျှသာ။ ကြောက်စရာ ဘာမျှ မရှိ။ ထိတ်လန့်စရာ ဘာမျှ မရှိ။ အမှောင်ထုလည်း မရှိ။ တစ်ခုပဲ ရှိသည်။ ဟုတ်သည်။ ထိုအရာမှာ မိစ္ဆာကောင်ကြီးသာ ဖြစ်သည်။ ပေငါးဆယ်လောက် ရှိမည့် ထိုသစ္စဝါကြီးက ကော်နာ့အထက်တွင် မားမားမတ်မတ် ရပ်လျက်သည်။ ၄င်းက ညလေညင်းကို အပြင်းအထန် ရှူသွင်းနေသည်။ သူ ထပ်ပြောမိပြန်သည်။

"ဒါ အိပ်မက်တစ်ခုပါပဲ"

"ဒါဆို ဘယ်လို အိပ်မက်မျိုးလဲ ကော်နာအိုမယ်လီရဲ့။ အရာအားလုံးကို အိပ်မက်ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ ဘယ်သူက တပ်အပ် ပြောနိုင်မှာလဲ"

မိစ္ဆာကောင်ကြီးက ကော်နာ့မျက်နှာနှင့် နီးကပ်သွားအောင် ငုံ့ကြည့်ရင်း မေးလိုက်သည်။ ထိုသစ္စဝါကြီး လှုပ်ရှားသည့်အခါတိုင်း သစ်ကိုင်းများ ဂျိုးဂျိုးဂွျတ်ဂွျတ်မြည်သံနှင့် ထုထဲကြီးမားလှသော ကိုယ်ထည်ကြီးဆီမှ ညည်းညူနေသံကို ကော်နာ ကြားရသည်။ လက်မောင်းကြွက်သားနေရာတွင် ကြီးမားလှသော ဝါယာကြိုးလုံးသဖွယ် အနွယ်အကိုင်းများက လျှင်မြန်စွာ တွန့်ကွေးလိမ်ခေါက်၍ လှည့်ပတ်လျက်ရှိရာ အင်အား အဘယ်မျှ ကြီးမားလိမ့်မည်ကို မြင်ရုံနှင့်ပင် သိနိုင်သည်။ ရင်အုပ်နေရာတွင် သစ်သားထုကြီး တစ်ခုက

mgyee.com

mgyoe.com

ထိပ်ပိုင်းမှ ဦးခေါင်းနှင့် ဆက်စပ်လျက်ရှိပြီး သွားများမှာ သူ့အား တစ်ကိုက်တည်း ကိုက်၍ ဝါးစားပစ်လို့ ရသည်။

"ခင်ဗျားက ဘာကြီးလဲ"

ကော်နာက သူ့ကိုယ်သူ လက်နှစ်ဖက်ဖြင့် တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားရင်းမှ လှမ်းမေးလိုက်သည်။ ၄င်းက မျက်မှောင်ကြုတ်လိုက်သည်။

"ငါ့ကို ဘာကြီးလဲလို့ မေးရမှာ မဟုတ်ဘူး။ ဘယ်သူလဲလို့ မေးရမှာ"

"ဒါဆိုလည်း ခင်ဗျားက ဘယ်သူလဲဗျာ" ဟု ကော်နာက မေးလိုက်သည်။ မိစ္ဆာကောင်ကြီး၏ မျက်လုံးများက ပြူးကျယ်လာသည်။

"ငါက ဘယ်သူလဲ၊ ဟုတ်လား"

၄င်း၏ အသံက တဖြည်းဖြည်း ဟိန်း၍ ကျယ်လောင်လာသည်။ ကော်နာ့မျက်စိရှေ့တွင်ပင် မိစ္ဆာကောင်ကြီးက ပို၍ ရှည်လျားမြင့်မားကာ ကြီးမားဆန့်ကားလာပုံ ရသည်။ ရုတ်တရက် လေပြင်းတစ်ချက်က သူတို့ကို ဖုံ့ဝဲတိုက်ခတ်သွားစဉ် မိစ္ဆာကောင်ကြီးက ၄င်း၏ လက်များကို အကျယ်ကြီး ဆန့်ထုတ်လိုက်သည်။ ၄င်း၏ လက်တံများမှာ မိုးကုပ်စက်ဝိုင်း တစ်ဖက်ဆီ ရောက်သွားလုမတတ် ကျယ်ပြန့်ရှည်လျားလွန်းလှပြီး ကမ္ဘာကြီးကိုပင် လှမ်းခြုံရစ်ပတ်လုမတတ် ကြီးမားလှပေသည်။

"နှစ်ကာလတွေ ကြာညောင်းတာနဲ့အမျှ ငါ့ကို နာမည်တွေ အများကြီး ပေးခဲ့ကြတယ်။ ငါက မုဆိုး ဟန်းန်၊ ငါက ဆာနမ်နို၊ ငါက ထာဝရ အစိမ်းရောင် လူသား"

မိစ္ဆာကောင်ကြီးက တစ်ချက် ဟိန်းထည့်လိုက်သည်။ ကြီးမားသော လက်ကြီးတစ်ဖက်က ကော်နာ့ဆီ လွဲရမ်းရောက်ရှိလာပြီး ဆတ်ခနဲ ကောက်ယူကာ လေထဲသို့ ပင့်၍ မြှောက်ကိုင်ထားလိုက်သည်။ လေကလည်း ဖုံ့ဝဲတိုက်ခတ်နေသဖြင့် ၄င်း၏ အရေပြားပေါ် ဖုံးလွှမ်းနေသော သစ်ရွက်များက ဒေါသတကြီး ယိမ်းထိုးလှုပ်ရှားနေသည်။

"ငါ ဘယ်သူလဲ ဟုတ်လား"

မိစ္ဆာကောင်ကြီးက ဟိန်းဟောက်အော်မြည်ရင်း ထိုစကားကိုပင် ထပ်တလဲလဲ ပြောနေသည်။

"ငါက တောင်တန်းတွေကို ဆက်သွယ်ပေးတဲ့ အဓိက ကျောရိုးကြီးပဲ။ မြစ်တွေ ငိုချလိုက်တဲ့ မျက်ရည်တွေပဲ၊ လေကို ရှူရှိုက်တဲ့ လောကကြီးရဲ့

mgyoe.com

mgyoe.com
SAMPLE BOOK

အဆုတ်တွေပဲ၊ ငါက သမင်ကို သတ်တဲ့ ဝံပုလွေ၊ ကြွက်ကို သတ်တဲ့ လင်းယုန်ငှက်၊ ယင်ကောင်ကို သတ်တဲ့ ပင့်ကူ၊ ငါက အစားခံလိုက်ရတဲ့ သမင်ပဲ၊ ကြွက်ပဲ၊ ယင်ကောင်ပဲ၊ ငါက ကိုယ့်အမြီးကိုယ်ပြန်မျိုတဲ့ မြွေပဲ၊ ငါက အရိုင်းဆန်တဲ့ လွတ်လပ်တဲ့ သဘာဝတရားရဲ့ အရာအားလုံးပဲ''

မိစ္ဆာကောင်ကြီးက ကော်နာအား ၎င်း၏ မျက်လုံးများအနီးသို့ ဆွဲကပ်လိုက်သည်။

''ငါက မင်းဆီကို လာခဲ့တဲ့ အရိုင်းကမ္ဘာမြေပဲ ကော်နာ အိုမယ်လီ''

''ခင်ဗျားက သစ်ပင်ကြီးတစ်ပင်နဲ့ တူတယ်နော်'' ဟု ကော်နာက ပြောလိုက်သည်။

သူ့ မအော်မချင်း မိစ္ဆာကောင်ကြီးက သူ့အား ၎င်း၏ လက်ကြီးများဖြင့် ညှစ်သည်။

''ငါက သက်သက်မဲ့ လမ်းသလားနေတာ မဟုတ်ဘူး ကောင်လေး၊ ရှင်သန်ခြင်းနဲ့ သေခြင်းတရားအတွက် ဒီကို ရောက်လာတာ၊ ငါပြောတာကို မင်းနားထောင်ဖို့တော့ မျှော်လင့်တယ်''

မိစ္ဆာကောင်ကြီးက ၎င်း၏ ညှစ်အားကို လျှော့ပေးလိုက်သောကြောင့် ကော်နာ အသက်ပြန်ရှူလို့ ရသွားသည်။ ကော်နာက-

''ဒါဆို ခင်ဗျားက ကျွန်တော်နဲ့ ဘာများ လုပ်စရာ ရှိလို့ပါလိမ့်'' ဟု မေးလိုက်သည်။

မိစ္ဆာကောင်ကြီးက သူ့ကို ကြောက်မက်ဖွယ်ရာ ကြည့်ပြန်သည်။ လေငြိမ်သွားသဖြင့် အရာအားလုံး တိတ်ဆိတ်သွားသည်။ နောက်ဆုံး၌ မိစ္ဆာကောင်ကြီးက ပြောသည်။

''ငါ ရောက်လာရတဲ့ အကြောင်းရင်းက လက်ရှိအခြေအနေကြောင့်ပဲ''

ကော်နာက ဘာဆက်ဖြစ်လိမ့်မည် မသိသော်လည်း ရုတ်တရက် ကြောက်ရွံ့စိုးရိမ်စွာ နေမထိထိုင်မသာ ဖြစ်လာသည်။ မိစ္ဆာကောင်ကြီးက ဆက်ပြောသည်။

''ဘာဖြစ်လာမလဲဆိုတာ အခု ပြောပြမယ် ကော်နာအိုမယ်လီ။ နောက်ညတွေကျရင်လည်း ငါ မင်းဆီ ထပ်လာဦးမယ်''

ကော်နာမှာ အစာအိမ်အား ဆုပ်ညှစ်ခြေမွခံလိုက်ရသလိုမျိုး ပေါက်ကွဲထွက်သွားဖို့ အသင့် ဖြစ်နေသည်။

mgyoe.com

"ငါ မင်းကို ပုံပြင် သုံးပုဒ် ပြောပြမယ်၊ ဟိုးအရင်အချိန် ငါ လျှောက်သွားနေခဲ့စဉ်က ကြုံခဲ့ရတဲ့ ပုံပြင်သုံးပုဒ်ပေါ့"

ကော်နာက မျက်လုံးလေး ကလယ်ကလယ်နှင့်

"ခင်ဗျားက ကျွန်တော့်ကို ပုံပြင် သုံးပုဒ် ပြောပြမယ် ဟုတ်လား" ဟု မေးလိုက်သည်။

"ဒါပေါ့"

ကော်နာက ၄င်း၏ စကားကို မယုံသလိုမျိုး ဘေးဘီကို လှည့်ပတ်ကြည့်ကာ "ဘယ်လို အိပ်မက်ဆိုးမျိုးပါလိမ့်" ဟု ရေရွတ် လိုက်မိသည်။

"ပုံပြင်ဆိုတာ အရိုင်းအဆန်ဆုံး အရာပဲ၊ ပုံပြင်တွေက အမဲလိုက်သလိုမျိုး အနောက်က တကောက်ကောက် လိုက်ပြီး ကိုက်ဖြတ်ဝါးမျိုတတ်တယ်"

မိစ္ဆာကောင်ကြီး၏ အသံက ထစ်ချုန်းသွားသည်။ ကော်နာက

"ကျောင်းက ဆရာတွေကတော့ ဒီလိုပဲ ပြောကြတာပါပဲ၊ ဒါပေမဲ့ ပုံပြင်တွေကို ဘယ်သူမှ မယုံကြဘူးလေ" ဟု ပြောလိုက်သည်။

"ငါ ပုံပြင်သုံးပုဒ် ပြောပြီးတဲ့အခါကျရင်"

ကော်နာက ဘာမှ ဖြတ်မပြောသဖြင့် မိစ္ဆာကောင်ကြီးက ဆက်ပြောသည်။

"စတုတ္ထမြောက် ပုံပြင်ကျ မင်းက ငါ့ကို ပြန်ပြောပြရမယ်"

ကော်နာက မိစ္ဆာကောင်ကြီး လက်တွင်း၌ပင် ခစ်ခနဲ ရယ်ကာ

"ကျွန်တော်က ပုံပြောမကောင်းဘူး" ဟု ပြောလိုက်သည်။

"မင်း ငါ့ကို စတုတ္ထပုံပြင် ပြောပြရမယ်၊ ပြီးတော့ အဲဒါက အမှန်တရား ဖြစ်ရမယ်"

"အမှန်တရား ဟုတ်လား"

"အမှန်တရားဆိုလို့ ဘာမဆို ပြောခိုင်းတာ မဟုတ်ဘူး၊ မင်းရဲ့ အမှန်တရားကိုပဲ ပြောရမှာ"

"ဟုတ်ပါပြီလေ၊ ဒါပေမဲ့ ခင်ဗျားပြောတော့ အဆုံးသတ် မရောက်ခင်မှာတင် ကျွန်တော် ကြောက်သွားမယ်ဆို၊ ခုတော့ ကြောက်စရာ ကောင်းတာ ဘာမှလည်း မပါပါလား"

"မင်း မဟုတ်တာ ပြောနေတာပဲ၊ မင်းရဲ့ အမှန်တရားက ဘာလဲဆိုတာ

mgyoe.com

mgyoe.com SAMPLE BOOK

မင်းဘာသာ သိပြီးသားပါ၊ မင်းဖုံးကွယ်ထားတဲ့ အဲဒီအရာက မင်း အကြောက်ဆုံးအရာပဲ ကော်နာအိုမယ်လီ''

ကော်နာ အရယ်ရပ်သွားသည်။ ၎င်း ဆိုလိုချင်သည်မှာ...။ ဘယ်နည်းနဲ့မှ အဲဒါကို ပြောတာ မဖြစ်နိုင်ဘူး။ အဲဒီအကြောင်းကို မိစ္ဆာကောင်ကြီး သိနိုင်စရာ ဘာအကြောင်းမှ မရှိပါ။ မဟုတ်ဘူး။ မပြောဘူး။ တကယ့် အိပ်မက်ဆိုးမှာ ဖြစ်ပျက်ခဲ့သည့်အရာကို သူ ဘယ်တော့မှ ပြောလိမ့်မည် မဟုတ်ပါ။ နှစ်သန်းပေါင်းများစွာသာ ကြာသွားပါစေ။ ဘယ်တော့မှ မပြောပါ။

''မင်း ပြောပြရလိမ့်မယ်၊ အဲဒီအတွက် မင်း ငါ့ကို ခေါ်လိုက်တာ''

ကော်နာ ပို၍ ရှုပ်ထွေးသွားသည်။

''ကျွန်တော်က ခင်ဗျားကို ခေါ်တယ် ဟုတ်လား၊ ကျွန်တော် ခင်ဗျားကို မခေါ်မိပါဘူး''

''မင်း ငါ့ကို စတုတ္ထပုံပြင် ပြောပြရမယ်၊ အမှန်အတိုင်း ပြောပြရမယ်''

''မပြောရင်ကော'' ဟု ကော်နာက အထွန့်တက်ကြည့်သည်။

မိစ္ဆာကောင်ကြီးက ကြောက်မက်ဖွယ်ကောင်းစွာ ကြည့်ပြန်သည်။

''အဲဒါဆို မင်းကို ငါ အရှင်လတ်လတ် ဝါးစားပစ်မယ်''

မိစ္ဆာကောင်ကြီးက ၎င်း၏ ပါးစပ်ကြီးကို မယုံကြည်စရာကောင်းလောက်အောင် အကျယ်ကြီး ဟလိုက်ရာ ကမ္ဘာကြီးတစ်ခုလုံးကိုပင် ထည့်ထားနိုင်လုမတတ် ဖြစ်သွားသည်။ ၎င်း၏ ပါးစပ်ကြီးထဲတွင် ကော်နာ ထာဝရပျောက်ကွယ်သွားနိုင်သည်။ ကော်နာက အော်ဟစ်ကာ အိပ်ရာထဲမှ ထထိုင်လိုက်သည်။

သူ့အိပ်ရာ...၊ ဟုတ်သည်။ သူ အိပ်ရာထဲ ပြန်ရောက်နေသည်။ ထိုအရာသည် တကယ်ပဲ အိပ်မက်တစ်ခုသာ ဖြစ်သည်။ ဟုတ်သည်။ ထိုအရာသည် အိပ်မက်တစ်ခုသာ ဖြစ်နေပြန်သည်။ သူက ဒေါသထွက်စွာဖြင့် သက်ပြင်းတစ်ချက်ချကာ မျက်လုံးများကို လက်ဝါးနှစ်ဖက်ဖြင့် ပွတ်သပ်လိုက်သည်။ သည်လို ပင်ပန်းစရာကောင်းသော အိပ်မက်မှ ဘယ်တော့များ လွတ်မြောက်မှာပါလိမ့်။

ကော်နာက စောင်များကို ဖယ်ရှားကာ ရေတစ်ခွက် ထသောက်သည်။ အိပ်မပျော်သည့် ညများတွင် ခပ်ကြောင်ကြောင် အိပ်မက်ဆိုးနှင့် ပတ်သက်

mgyoe.com

mgyoe.com SAMPLE BOOK

သော ကိစ္စများအားလုံးကို ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် မေ့ပစ်ကာ ပုံမှန်ညမျိုးဖြင့်သာ ရှေ့ဆက်ချင်သည်။ ထိုစဉ် သူ့ခြေဖဝါးအောက်မှ နူးညံ့သည့် တစ်စုံတစ်ရာကို နင်းလိုက်မိသလို ဖြစ်သွားသည်။

ညမီးအိမ်ကို ဖွင့်ကြည့်လိုက်တော့ အခန်းကြမ်းပြင်တစ်ခုလုံး အဆိပ်ရှိသည့် ထင်းရှူးမျိုးနွယ်ဝင် အနီရောင် ဘယ်ရီသီးများ ဖုံးနေသည်ကို တွေ့ရသည်။ ထိုအသီးများသည် သော့ခတ်၍ပိတ်ထားသော ပြတင်းပေါက်မှ တစ်ဆင့် ဘယ်လို ရောက်လာသလဲ သူ မတွေးတတ်တော့ချေ။

❖

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၆)
## အဘွား

"မင်းက အမေ့အတွက် အားကိုးလို့ရတဲ့ လူလေးပေါ့ ဟုတ်လား"

အဘွားက သူ့ပါးအား ခပ်ကြမ်းကြမ်း ဆွဲလိမ်လိုက်သည်။ အဘွားက သူ့ကို သွေးထွက်လာအောင် တမင်သက်သက် ဆွဲလိမ်မှန်း ကျိန်တွယ်ပြောရဲသည်။

"သူက သိပ်အားကိုးရတယ် မေမေရဲ့၊ သူ့ကြောင့်မို့ ဆေးဒဏ်ကို အရမ်းကြီး မခံစားလိုက်ရဘူး"

အမေက သူ့အား အဘွားနောက်မှ မျက်စိမှိတ်ပြရင်း ပြောသည်။ အမေက သူမအကြိုက်ဆုံးဖြစ်သော အပြာရောင် ပဝါကလေးဖြင့် ခေါင်းကို ပတ်၍ ချည်ထားသည်။

"တော်စမ်းပါအေ"

အဘွားက ကျီစယ်သည့်အနေဖြင့် တဖတ်ဖတ်မြည်အောင် ရိုက်သလိုမျိုး သူ့ပါးနှစ်ဖက်ကို လက်ဖြင့် ပုတ်ရင်း ပြောလိုက်သည်။ တကယ်တော့ သူ့ပါးကို အဘွားရိုက်တာ အတော်လေး နာသည်။

အဘွားက သူ့ကို "ကဲ အမေနဲ့ အဘွားအတွက် ရေနွေးအိုးလေး ဘာလေး သွားမတည်တော့ဘူးလား" ဟု ပြောလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အဘွား၏ လေသံက သူ့ကို လုပ်မလား၊ မလုပ်ဘူးလား ဟု မေးသည့် လေသံမျိုး မဟုတ်၊ လုပ်ကို လုပ်ရမည် ဟူသော သဘောဖြစ်သည်။ ကော်နာက ကျေးဇူးတင်စွာဖြင့် အခန်းထဲမှ ထွက်သွားသောအခါ အဘွားက အမေ့ဘက် လှည့်၍ ခါးထောက်ကာ ကြည့်လိုက်သည်။

"ကဲ… သမီး…"

သူ မီးဖိုချောင်ထဲ ဝင်လာခဲ့သော်လည်း အဘွား၏ စကားပြောသံကို ကြားလိုက်ရသည်။

"သမီးကို အမေ ဘာလုပ်ပေးရမလဲ"

ကော်နာ့အဘွားက အခြားသော အဘွားများနှင့် မတူချေ။ လီလို့အဘွားကို ကြိမ်ဖန်များစွာ တွေ့ဖူးသည်။ သူမသည် အဘွားပီသသော အဘွားဖြစ်သည်။ ပါးရေနားရေ တွန့်လိပ်ကာ တစ်ခေါင်းလုံးရှိ ဆံပင်များ ဖွေးဖွေးဖြူလျက် ခပ်ပြုံးပြုံး နေတတ်သည်။ သူမသည် တစ်အိမ်လုံးစာအတွက် အမြဲတမ်း ပြုတ်ထားတတ်သည့် ဟင်းသီးဟင်းရွက်များအား သုံးနပ်ခွဲ၍ ဟင်းချက်လေ့ရှိသည်။ ခရစ္စမတ်ကာလဆိုလျှင် စက္ကူသရဖူလေးတစ်ခု ခေါင်းပေါ် တင်ကာ ချယ်ရီအရက်ကလေး တစ်ခွက်ဖြင့် ထောင့်တစ်နေရာတွင် တခစ်ခစ် ရယ်နေတတ်သည်။

ကော်နာ့အဘွားကတော့ စက်ဆရာ သေချာတိုင်းချုပ်ထားသော ဝတ်စုံကို ဝတ်ဆင်သည်။ ဆံပင်ကိုလည်း မီးခိုးရောင် ဆိုးထားတတ်သည်။ ပြီးတော့ 'အသက်ခြောက်ဆယ်ဆိုတာ သစ်လွင်လတ်ဆတ်တဲ့ အသက်ငါးဆယ်' တို့၊ 'ဂန္ထဝင်မော်တော်ကားတွေဟာ ဈေးအကြီးဆုံး ပေါ်လစ်ဆီ လိုတယ်'တို့ စသည့် နားမလည်နိုင်စရာ စကားများကို ပြောတတ်သောကြောင့် စိတ်ဝင်စားစရာ မကောင်းလှချေ။ ထိုစကားများက ဘာကို ဆိုလိုသလဲ သူ မသိချေ။

သူ့အဘွားသည် မွေးနေ့ဆုတောင်းကတ်ပြားများကို အီးမေးလ်ဖြင့် ပို့တတ်ပြီး ဝိုင်အရက်နှင့် ပတ်သက်၍လည်း စားပွဲထိုးများနှင့် ငြင်းခုံတတ်သည်။ အဘွားတွင် လက်ရှိလုပ်ကိုင်နေဆဲ အလုပ်တစ်ခုလည်း ရှိသည်။ အဘွား၏ အိမ်သည် သန့်ရှင်းရေးသမကိုပင် ဖုန်မသုတ်ခိုင်းသည့် ရှေးဟောင်းနာရီလိုမျိုး ဈေးကြီးလှသည့် ပစ္စည်းအဟောင်းများဖြင့် ပြည့်နေသဖြင့် ပိုဆိုးသည်။ ထိုပစ္စည်းများအား မည်သူမျှ ကိုင်၍ ကြည့်ဖူးကြမည် မထင်ချေ။

mgyoe.com

mgyoe.com SAMPLE BOOK


နောက်တစ်ခု ရှိသေးသည်။ ဘယ်လို အဘွားမျိုးကများ အိမ်သန့်ရှင်းရေးလုပ်ဖို့ သန့်ရှင်းရေးသမ တစ်ယောက်ကို ထားမှာလဲ။

"သကြားနှစ်ဇွန်းပဲ ထည့်၊ နို့ မထည့်နဲ့"

ကော်နာ လက်ဖက်ရည် ဖျော်နေစဉ် အဘွားက ဧည့်ခန်းထဲမှ လှမ်းအော်သည်။ အဘွား လာလည်တာဖြင့် အကြိမ်ပေါင်း သုံးထောင်လောက် ရှိနေပြီ။ သူ မသိဘဲ နေမလား။

"ကျေးဇူးပဲ လူလေး"

လက်ဖက်ရည် ယူလာတော့ အဘွားက ထိုသို့ ပြောသည်။

"ကျေးဇူးပဲ အချစ်တုံးလေးရယ်"

အမေက သူ့ကို ပြုံး၍ ပြောလိုက်သည်ကို အဘွား မမြင်လိုက်ချေ။ အမေသည် အဘွားတားနေသည့်ကြားမှ သူ့အား လက်ဖက်ရည် အတူ လာသောက်ရန် လှမ်းခေါ်သည်။ သူ အမေ့ကို အားနာသဖြင့် ခပ်ယဲ့ယဲ့သာ ပြန်ပြုံးပြလိုက်သည်။ အဘွားက "ဒီနေ့ ကျောင်းတက်ရတာရော ဘယ်လိုတုံး လူလေးရဲ့" ဟု မေးသဖြင့် ကော်နာက "အဆင်ပြေပါတယ်" ဟု ပြန် ပြောလိုက်သည်။

တကယ်တော့ အဆင်မပြေပါ။ လီလီကလည်း သူ့ကို ဒေါသူပုန်ထဆဲပင်။ ဟယ်ရီက ပိုက်ဘုတ်ပေါ် စာရေးသည့် မင်တံကို သူ့ကျောပိုးအိတ်ထဲသို့ အဖုံးဖြုတ်၍ ထိုးထည့်ထားရာ မစ္စကွမ်က သူ့ကို 'ဘယ်လိုများ အလစ်သုတ် လာတာလဲ' ဟု ရုပ်တည်ကြီးဖြင့် လက်ဆွဲ၍ မေးသေးသည်။

အဘွားက လက်ဖက်ရည်ခွက်ကို အောက်ချလိုက်ရင်း "သိလား၊ ငါ့အိမ်ကနေ မိုင်ဝက်လောက်တောင် မဝေးတဲ့ နေရာမှာ သိပ်ကောင်းတဲ့ လူငယ်လေ့ကျင့်ရေးကျောင်း တစ်ကျောင်း ရှိတယ်၊ ငါ အထဲကို ဝင်ကြည့်ပြီးပြီ၊ ပညာသင်ကြားရေးစနစ်က အတော်ကို မြင့်တယ်၊ သူ အခုတက်နေတဲ့ ကျောင်းထက်တောင် ပိုမြင့်တာနော်၊ အဲဒါတော့ သေချာတယ်" ဟု ဆိုသည်။

ကော်နာက သူ့အဘွားကို စိုက်ကြည့်လိုက်သည်။ အဘွားလာလည် သည်ကို မကြိုက်ရသည့် အခြားအကြောင်းရင်းများတွင် ဤအချက်လည်း ပါသည်။ အဘွားပြောပုံက သူ တက်နေသည့် ဒီမြို့က ကျောင်းသည်ပင် ဘာမှ မဟုတ်သည့် ပေါ်ပင်ကျောင်းလိုလို။ ဒါမှမဟုတ် သည့်ထက်ပိုသော အဓိပ္ပာယ် ရှိနိုင်သည်။ ထိုအဓိပ္ပါယ်သည် ဖြစ်လာနိုင်ခြေရှိသော အနာဂတ်နှင့် ပတ်သက်

mgyoe.com

mgyoe.com SAMPLE BOOK

သည့် သဲလွန်စလည်း ဖြစ်နိုင်သည်။ ကော်နာ၏ အူထဲအသည်းထဲမှ ဒေါသများ တလိပ်လိပ် တက်လာသည်။

အမေက သူ့ကို ဖျတ်ခနဲ နောက်တစ်ခါ ကြည့်လိုက်ပြီးနောက် အဘွားအား "သူ ရောက်တဲ့နေရာမှာ ပျော်အောင် နေတတ်ပါတယ် မေမေရဲ့၊ မဟုတ်ဘူးလား ကော်နာရယ်" ဟု ဆိုသည်။ ကော်နာက အံကြိတ်ကာ ပြန်ဖြေသည်။

"ကျွန်တော်က ဘယ်နေရာဖြစ်ဖြစ် အဆင်ပြေပါတယ်"

ညစာမှာ ဆိုင်က ဝယ်လာသော တရုတ်အစားအစာ ဖြစ်သည်။ ကော်နာ့အဘွားသည် ဟင်းမချက်တတ်ချေ။ ယင်းမှာ တော်တော်ဆိုးသည့် အမှန်တရား ဖြစ်သည်။ အဘွားနှင့် နေသည့်အခါတိုင်း အဘွား၏ ရေခဲသေတ္တာ ထဲတွင် ကြက်ဥတစ်လုံးနှင့် ထောပတ်သီး တစ်ခြမ်းမှ လွဲ၍ ပြောင်တလင်းခါ နေသည်ချည်း ဖြစ်သည်။ အမေက ဟင်းကို သူ့ဘာသာပင် မချက်နိုင်လောက် အောင် ပင်ပန်းနွမ်းနယ်နေဆဲဖြစ်၍ ကော်နာကပင် တစ်ခုခု စီမံပြုလုပ်ရသည်။ အဘွားလည်း အမေ့လိုပင် ဟင်းမချက်သဖြင့် သူ ပြင်ဆင်ချက်ပြုတ်ပေးလျှင် ဖြစ်နိုင်သော်လည်း သူကတော့ အဘွားအတွက် လုပ်ပေးဖို့ စိတ်တောင် မကူးမိချေ။

သို့နှင့် အိမ်သန့်ရှင်းရေးလုပ်ရင်း အမေနှင့် အဘွားတို့ကို ရှောင်ပေး လိုက်သည်။ အမှိုက်ပုံးအောက်ခြေတွင် ဝှက်ထားသော အဆိပ်ရှိသည့် ဘယ်ရီသီး ထုပ်ကြီးထဲသို့ ခဲပတ်များကို အပေါ်မှ ထပ်၍ ဖိသိပ်ထိုးထည့်နေစဉ် အဘွားက သူ့အနောက် ရောက်လာသည်။

သူမက သူ ထွက်မည့် တံခါးဝ အရှေ့မှ ပိတ်ရပ်ကာ "မင်းနဲ့ ငါ စကားနည်းနည်း ပြောစရာ ရှိတယ် လူလေး" ဟု ဆိုသည်။

ကော်နာက အမှိုက်ပုံးကို အောက်ချလိုက်ကာ "ကျွန်တော့်မှာ နာမည် ရှိတယ်၊ အဘွားလည်း သိတယ်၊ ကျွန်တော့်နာမည်က လူလေး မဟုတ်ဘူး" ဟု ပြန်ပြောလိုက်ရာ အဘွားက "မင်း ပြောပုံဆိုပုံက ရိုင်းတယ်" ဟု ဆိုသည်။

အဘွားက ထိုနေရာတွင်ပင် လက်ပိုက်၍ မတ်တတ်ရပ်နေသည်။ ကော်နာက အဘွားကို အတော်ကြာအောင် စိုက်ကြည့်နေရာ သူမကလည်း ကော်နာ့ကို ပြန်ကြည့်သည်။ ထို့နောက် အဘွားက ဘုရားတလိုက်ပြီး-

mgyoe.com

mgyoe.com

"ဘုရားရေ၊ ငါက မင်းရဲ့ ရန်သူ မဟုတ်ဘူးလေ ကော်နာရဲ့။ ငါက မင်းအမေကို ကူညီရအောင် ဒီကို လာတာပဲ" ဟု ဆိုလိုက်သည်။

ကော်နာက ပြောင်နေပြီးသား မီးဖိုချောင်ခုံကို သုတ်ရန် အဝတ်စတစ်ခု ဆွဲထုတ်လိုက်ရင်း "အဘွား ဘာလို့ ဒီရောက်လာတာလဲ ကျွန်တော် သိပါတယ်" ဟု ပြောလိုက်သည်။

အဘွားက ရှေ့တိုးကာ သူ့လက်ထဲမှ အဝတ်စကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး "ငါ ဒီကို ရောက်လာရတဲ့ အကြောင်းရင်းက ဆယ့်သုံးနှစ်အရွယ် ကောင်လေးတွေ ခွင့်မတောင်း ဘာမတောင်းနဲ့ မီးဖိုခုံကို အဝတ်နဲ့ သုတ်ဖို့ မလုပ်သင့်ဘူးဆိုတာ လာပြောတာဟေ့" ဟု ပြောလိုက်ရာ ကော်နာက မိုက်ကြည့် ပြန်ကြည့်လိုက်ပြီး-

"အဲဒီတော့ အဘွားက သုတ်မှာမို့လို့လား" ဟု ပြန်ပြောလိုက်သည်။

"ကော်နာ..."

"သွားပါတော့ဗျာ၊ ဒီမှာ အဘွားကိုမှ မလိုတာ"

"ဘာတွေ ရှေ့ဆက်ဖြစ်လာမလဲဆိုတာ တိုင်ပင်ဖို့ လိုတယ်လေ ကော်နာရဲ့"

အဘွားက သူ့ကို ပို၍ပင် အတင်းအကျပ် ပြောဆိုသည်။ သူက အဘွားကို စူးစူးဝါးဝါး ကြည့်လျက်-

"ဟင့်အင်း၊ မလိုဘူး၊ အမေက ဆေးကုပြီးတိုင်း အမြဲဖျားနေကျ၊ မနက်ဖြန်ကျရင် ပြန်သက်သာသွားမှာ၊ အဲဒီအခါကျရင် အဘွား အိမ်ပြန်လို့ ရပြီ" ဟု ပြောလိုက်သည်။

အဘွားက မျက်နှာကြက်ဆီသို့ ခေါင်းမော့လိုက်ပြီး သက်ပြင်းချသည်။ ထို့နောက် မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်၍ ပွတ်သပ်နေသည်။ အဘွား ဒေါသထွက်နေသည်ကို တွေ့လိုက်ရသဖြင့် သူ အံ့သြသွားသည်။ အဘွားသည် တကယ်ပင် ဒေါသထွက်နေသည်။ သို့သော် သူ့ကြောင့်တော့ ဟုတ်ပုံ မရချေ။

အဘွားကို ဆက်မကြည့်ချင်တော့သဖြင့် အဝတ်နောက်တစ်စကို ဆွဲထုတ်ကာ မီးဖိုခုံကို စသုတ်သည်။ ပန်းကန်ဆေးခုံရောက်သည်အထိ အကုန်လျှောက်သုတ်ပစ်လိုက်ရာ ပြတင်းပေါက်နား ရောက်သွားပြီး အပြင်သို့ တစ်ချက် လှမ်းကြည့်လိုက်မိလေသည်။ မိစ္ဆာကောင်ကြီးသည် နေလုံးကြီးအား

mgyoe.com SAMPLE BOOK


နောက်ခံပြု၍ အိမ်နောက်ဖေး ခြံဝင်းထဲတွင် မတ်တတ်ရပ်ကာ သူ့ကို စောင့်ကြည့်နေသည်ကို တွေ့ရသည်။

"မနက်ဖြန်ကျရင် သက်သာသွားမှာပါ ဟုတ်လား"

အဘွားး၏ လေသံက ခြောက်ကပ် အက်ကွဲနေသည်။

"သူ ပြန်သက်သာလာမှာ မဟုတ်တော့ဘူး ကော်နာ"

တွေ့လား။ အဲဒီမှာ လွဲတာပဲ။ ကော်နာက အဘွားဘက်သို့ လှည့်ကာ-

"ဆေးကုလို့ အမေ နေပြန်ကောင်းလာတာပေါ့၊ အမေ သက်သာနေတာ ဒါကြောင့်ပဲလေ" ဟု ပြောလိုက်သည်။

အဘွားသည် တစ်ခုခုကို သေချာဆုံးဖြတ်ဖို့ ကြိုးစားနေသလိုမျိုး သူ့ကို အကြာကြီး ကြည့်နေသည်။ နောက်ဆုံးတွင် အဘွားက သူ့အား

"မင်းက အမေ့ကို ဒီအကြောင်း ပြောပြရမယ် ကော်နာ" ဟု ပြောသည်။ ထို့နောက် အဘွားသည် သူ့ကိုယ်သူ ပြန်ပြောသလိုမျိုး-

"သူ ဒီအကြောင်းကို မင်းနဲ့ တိုင်ပင်မှ ဖြစ်မှာ" ဟု ဆိုသည်။ ကော်နာက-

"ဘာအကြောင်းကို ပြောရမှာလဲ" ဟု မေးလိုက်တော့ အဘွားက လက်ပိုက်၍ "မင်း ငါနဲ့ လာနေဖို့ကိုပေါ့" ဟု ပြောသည်။

ကော်နာ မျက်မှောင်ကြုတ်လိုက်မိသည်။ တစ်စက္ကန့်ပြီး တစ်စက္ကန့် အခန်း တစ်ခုလုံး ပို၍ ပို၍ မှောင်မည်းလာပြီး တစ်အိမ်လုံး လှုပ်ရမ်းတုန်ခါနေသလို ခံစားရသည်။ တစ်စက္ကန့်ပြီး တစ်စက္ကန့် မှောင်မည်းကျပ်သိပ်လာသော မြေသားထုထဲမှ လွတ်အောင် ကြမ်းပြင်တစ်ခုလုံးကို ဆုတ်ဖြဲကာ လွင့်ထွက် သွားတော့မလို ခံစားရသည်။ သူ မျက်တောင် တစ်ချက်၊ နှစ်ချက် ခတ်လိုက် သည်။ အဘွားကတော့ သူ့ဆီမှ တုံ့ပြန်စကားကို စောင့်နေသည်။

"ကျွန်တော် အဘွားနဲ့ လိုက်နေမှာ မဟုတ်ဘူး"

"ကော်နာ..."

"ကျွန်တော် ဘယ်တော့မှ အဘွားနဲ့ နေမှာ မဟုတ်ဘူး"

"နေရမယ်။ ဟုတ်တယ်၊ မင်း နေရမယ်၊ စိတ်တော့ မကောင်းဘူး၊ ဒါပေမဲ့ နေရမှာပဲ၊ မင်းအမေက ကာကွယ်ဖို့ ကြိုးစားနေတာ ငါ သိတယ်၊ အရေးကြီးတာက ဒါတွေအားလုံး ပြီးဆုံးသွားတဲ့အခါကျရင် အခြေအနေ အရပ်ရပ်ကို မင်း သိကို သိမှ ဖြစ်မှာမို့လို့ပဲ၊ မင်းမှာ အိမ်ရှိတယ် လူလေး၊

mgyoe.com

မင်းကို ချစ်မယ့်၊ စောင့်ရှောက်မယ့်သူနဲ့ အတူရှိမယ်၊ အားလုံး ပြီးဆုံးသွားတဲ့ အခါကျရင်…"

အဘွားရဲ့ စကားမဆုံးခင် ကော်နာက ဒေါသတကြီး ကြားဖြတ်၍-

"အားလုံး ပြီးဆုံးသွားတဲ့အခါကျရင် အဘွားပဲ ထွက်သွားရမှာ၊ ကျွန်တော်တို့ကတော့ အဆင်ပြေမှာပါ" ဟု ပြောလိုက်သည်။

"ကော်နာရယ်…"

ထိုစဉ် ဧည့်ခန်းထဲမှ အသံတစ်သံကို သူတို့နှစ်ဦးစလုံး ကြားလိုက်ရသည်။

"မေမေရေ… မေမေ"

အဘွားသည် မီးဖိုချောင်မှ လျင်မြန်သော အရှိန်အဟုန်ဖြင့် အပြေးထွက်သွားရာ ကော်နာပင် အံ့အားသင့်စွာ နောက်သို့ ခုန်ရှောင် ပေးလိုက်ရသည်။ ထို့နောက် အမေ့ချောင်းဆိုးသံနှင့် အဘွား၏ စကားပြောသံကို သူ ကြားရသည်။

"ဘာမှ မဖြစ်ဘူး သမီးလေး၊ ဘာမှ မဖြစ်ဘူးနော်၊ ရှူး ရှူး ရှူး"

သူ မီးဖိုချောင်မှ ဧည့်ခန်းဆီ လှမ်းလာစဉ် ပြတင်းပေါက်မှ အပြင်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ မိစ္ဆာကောင်ကြီး မရှိတော့ချေ။ အဘွားသည် ဆက်တီကုလားထိုင်ပေါ်တွင် ထိုင်လျက် အမေ့ကို တွဲထူကာ ကျောကို သပ်ပေးလျက် ရှိသည်။ အမေက အရေးအကြောင်းရှိလျှင် သုံးဖို့ အနားတွင် အသင့်ထားသော ရေပုံးကလေးထဲ ထိုးအန်နေသည်။ အဘွားက ကော်နာ့ဆီ တစ်ချက် လှမ်းကြည့်သည်။။ အဘွားမျက်နှာပေါ်က အရိပ်အကဲကိုတော့ သူ ခန့်မှန်းရ ခက်လှပေသည်။

❖

mgyoe.com SAMPLE BOOK

## အခန်း (၇)
## ပုံပြင်များ၏ အရိုင်းဆန်မှု

တစ်အိမ်လုံး မှောင်မည်းနေသည်။ နောက်ဆုံးတွင် အဘွားက အမေ့အား အိပ်ရာထဲ လိုက်ပို့ပေးပြီး ကော်နှာ့အိပ်ခန်းထဲ ဝင်၍ တံခါးပိတ်လိုက်ထားသည်။ အဘွားက ကော်နှာ့ကို မအိပ်ခင် အခန်းထဲက ဘာယူစရာ ရှိလဲဟုပင် မမေးချေ။ ကော်နှာသည် ဆက်တီပေါ်တွင် လှဲနေသော်လည်း အိပ်မပျော်ချေ။ အိပ်၍လည်း ပျော်မည် မထင်။ အဘွားပြောသော စကားများကြောင့်လည်း မဟုတ်။ ဒီနေ့ တွေ့လိုက်ရသော အမေ့အခြေအနေကြောင့်လည်း မဟုတ်ပါ။ အမေ ဆေးကုသမှု ခံပြီးနောက် သုံးရက်တင်းတင်း ပြည့်သွားခဲ့ပြီ ဖြစ်သည်။ ပုံမှန်ဆိုလျှင် အမေသည် အန်နေဆဲဖြစ်သည်ကလွဲလျှင် ပြန်၍ သက်သာလာနေကျ ဖြစ်သည်။ အခုတော့ အမေ့ပုံစံက လိုအပ်သည်ထက် ပို၍ မောပန်းနွမ်းနယ် နေသည်။

သူသည် အတွေးနွံထဲမှ ရုန်းထွက်လိုက်၊ ပြန်ရောက်လိုက်ဖြင့် ဝဲလည်နေသည်။ အတွေးများကို အဆုံးသတ်မှ ဖြစ်မည်။ သို့အတွက် အိပ်ပျော်သွားဖို့ တစ်နည်းသာ ရှိသည်။ သို့သော်လည်း အိပ်ပျော်သွားလျှင် အိပ်မက်ဆိုးက ရောက်လာဦးမည်။ သူ အိပ်ပျော်သွားလျှင် ရောက်လာမည်မှာ သစ်ပင်ကြီး မဟုတ်။ အိပ်မက်ဆိုးသာ ဖြစ်သည်။ ထိုအိပ်မက်ထဲတွင် လေတဟူးဟူး တိုက်ခတ်လျက် မြေကြီးများ တုန်ခါနေတတ်သည်။ လက်များကို တင်းတင်း

mgyoe.com

ကျပ်ကျပ် ဆုပ်ကိုင်ထားသော်လည်း တစ်နည်းနည်းဖြင့် လွတ်ထွက်သွားတတ်သည်။ ကော်နှာသည် ထိုလက်များကို မိအောင် ဖမ်းဆုပ်နိုင်ဖို့ ရှိရှိသမျှ အင်အားအကုန် သုံးပါသော်လည်း ဘယ်တော့မှ မလုံလောက်ချေ။ ငယ်သံပါအောင် အော်ဟစ်လိုက်သံနှင့်အတူ ထိုလက်များက သူ့အလိုလို လွတ်ထွက်ကာ ဟိုးအောက်သို့ ပြုတ်ကျသွားတတ်သည်။

"မဟုတ်ဘူး"

ကော်နှာသည် ကြောက်လန့်တကြား အော်ဟစ်လိုက်မိပြီး လန့်နိုးသွားသည်။ အသက်ကို ကြိုးစားပမ်းစား ရှူနေရသဖြင့် ရင်အစုံက နိမ့်ချည်မြင့်ချည် အပြင်းအထန် လှုပ်ရှားနေသည်။ သူ့လည်ချောင်းဝမှာ တစ်ခုခု ဆို့နေပြီး မျက်ရည်များလည်း ဝဲနေသည်။

"မဟုတ်သေးဘူး"

သူက တိုးတိတ်စွာ နောက်တစ်ကြိမ် ရေရွတ်လိုက်သည်။ တစ်အိမ်လုံး မှောင်မည်းကာ တိတ်ဆိတ်ငြိမ်သက်နေသည်။ ခဏလောက် နားစွင့်ကြည့်သော်လည်း ဘာလှုပ်ရှားသံမျှ မကြားရ။ အမေ့အသံရော အဘွား အသံပါ မကြားရ။ မှောင်မည်းနေသည့်ကြားမှ ဒီဇိုင်စက်ပေါ်တွင် တင်ထားသော နာရီကို တစ်ချက် စောင်းငဲ့၍ ကြည့်လိုက်သည်။ ၁၂ နာရီ ၇ မိနစ်။ ထိုအရာကြီး ရောက်လာပြီပေါ့။ သူ တိတ်ဆိတ်စွာပင် ကြိုးစား၍ နားစွင့် ကြည့်မိသည်။ သို့သော် ဘာမျှ ဖြစ်မလာချေ။ သူ့နာမည် ခေါ်သံကိုလည်း မကြားရသလို သစ်ကိုင်းများ တဖြောင်းဖြောင်း ကျိုးသံကိုလည်း မကြားရ။ ဒီညတော့ မလာတော့ဘူး ထင်ပါရဲ့။ နာရီက ၁၂ နာရီ ၈ မိနစ် ရောက်သွား သည်။ ၁၂ နာရီ ၉ မိနစ်။ ဒေါသထွက်နေသလိုလို ပိုးတဝါး ခံစားချက်ဖြင့် အိပ်ရာမှ ထကာ မီးဖိုချောင်ထဲ ဝင်သည်။ ထို့နောက် ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့် လိုက်သည်။ မိစ္ဆာကောင်ကြီးကား အိမ်နောက်ဘက် ခြံဝင်းထဲတွင် မတ်တတ်ရပ်နေလေသည်။ ထိုသတ္တဝါကြီးက သူ့ကို လှမ်းမေးသည်။

"မင်း ဘာလို့ ဒီလောက် ကြာနေရတာလဲ"

✣ ✣ ✣

mgyoe.com